# အာရက္ခဒတ်ခ် ARRAKKADESH NEWS Paper

ရခိုင်သက္ကရာဇ် ၁၃၈၆
သီတင်းကျွတ် လဆန်း ၁ ရက်


## အာရက္ခတပ်တော်(AA) စစ်ဦးစီးချုပ်အင်တာဗျူး




ကျနော်တို့ပြောနေတဲ့အာရက္ခအိမ်မက်ကတော့ တော်တော် လေးတော့ ခရီးရောက်လာခဲ့ပါ ပြီး။စိန်ခေါ် မှုတွေကလည်း တပြိုင်နက်တည်း အများကြီးကိုရင် ဆိုင်နေရတဲ့ အချိန်ဖြစ်တယ်။ဒီလိုစိန် ခေါ်မှုတွေ အများကြီး ဖြစ်လာတာကို ကြည့်ခြင်းအားဖြင့် အများ ကြီးခရီးရောက်နေပြီဆို တာကို အသိအမှတ်ပြုလို့ ရပါတယ်။

**အင်တာဗျူးကို ( ) တွင်ဖတ်ရန်**

## ထမင်းတလုပ်၊ ရေတမှုတ် ဂွမ်းထုပ်တစ်ခု အလိုရှိသည်

အိမ်ကနေ ထွက်လာခဲ့ကြတာ ကြာပြီ။ ၂၀၁၉ ကနေ အခုထိဆို ရင် ၆ နှစ်ရှိပြီ။ လာတုန်းက ဘာမှပါမလာကြသလို ဘယ်ဆီကို မှန်းမသိတဲ့ ဦးတည်ချက်တွေနဲ့ အသက်လုပြေးခဲ့ကြရသူတွေ။ စစ်ဆိုတာရုပ်ရှင် တွေထဲက စစ်ကားတွေသာ ကြည့်ကောင်း တာလေ။ အပြင်မှာ ခံရတဲ့ဒုက္ခတွေဟာဘယ်ကြည့်ကောင်းပါမလဲ။အကြောက်တရားနဲ့ဆာလောင်မှုတွေ၊ စိုးရိမ်စိတ်နဲ့ ငတ်မွ တ်မှုတွေဟာ စစ်ကြောင့်ဖြစ်လာခဲ့ရတယ်။

**ဆောင်းပါးကို ( ) တွင်ဖတ်ရန်**

## မှိုအလွမ်း၊ မျှစ်အလွမ်း၊ သံတွဲအလွမ်း

ဘယ်နှယ်၊ လူတွေမှာ ဒီလောက်စစ် ဘေးစစ် ဒဏ်သင့်ပြီး၊မိသားစုတွေ သေကွဲရော၊ ရှင်ကွဲပါခွဲခွာနေကြရ ချိန်မျိုး မှာ မှိုတွေ၊ မျှစ်တွေလွမ်းကြောင်းပြောနိုင် သေးလား ရယ်လို့ အပြစ်တင်ရင်လည်းငြိမ်ခံ ရဖို့ပဲ ရှိပါတယ်။

လူတိုင်းဟာ သူ့အရပ်၊ သူ့ဒေသနဲ့ဝေးကွာ နေ ချိန်မှာကိုယ်စီဒေသ အစားအစာကိုလွမ်းဆွတ် တတ်ကြတယ်။ စစ်ဘေးစစ်ဒဏ် ကြောင့်ပြေးရလွှားရ ၊သူစိမ်း ပြင်ပြင်အ ရပ် တွေမှာ အခြေ ချကြရတဲ့အ ခါ စိတ်ရော ကိုယ်ပါ အရာရာ အထိုင်မကျကြ တဲ့ အထဲအစားအသောက် ပြဿနာ လည်းပါဝင်ပါတယ်။

**အက်ဆေးကို ( ) တွင်ဖတ်ရန်**

## အာရက္ခဒေသ အတွင်း တိုက်ပွဲသတင်းများ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်

အာရက္ခပြည်၊ အမ်းမြို့နယ်၊ ကျောက်စက္ကဲ ကျေးရွာ၏ အနောက်ဘက် မီတာ (၄၀၀) ခန့်အကွာအဝေးတွင်ဖက်ဆစ်အကြမ်းဖက်စစ်ကောင်စီ၏ စကခ (၅)လက် အောက်ခံ ခမရ (၃၄၆/ ၃၇၃/ ၃၇၂) တပ်ရင်း များ စုပေါင်း ထားသော အင်အား (၁၀၀) ခန့်ပါ စစ်ကြောင်း တစ်ခုနှင့် အာရက္ခတပ်တော်တိုသည်၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့၊ နံနက် (၁၁) နာရီ (၅၀) မိနစ်တွင် စတင်ထိ တွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ နှစ်နာရီနီးပါးကြာ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုအတွင်း ရန်သူ့ဘက်မှအလောင်း(၅)လောင်း၊လက်နက်ခဲယမ်း၊ စစ်အသုံးအ ဆောင်ပစ္စည်း တချို့ကို သိမ်းဆည်းရမိခဲ့သည်။



**သတင်းအဆက် ( ) တွင်ဖတ်ရန်**

## Fact Checking

**ငှက်ဖျားဖြစ်ပွားနေသော ပြည်သူများကို အေအေ အဖွဲ့ မှ မောင်းထုတ်ပြီး ဆေးကုမ ပေးဆိုသောသတင်းအမှား**

Akyab Post

ရခိုင်ဒေသတွင်းမှာ ငှက်ဖျားရောဂါဖြစ်နေတဲ့ ပြည်သူ တွေကိုအာရက္ခတပ်တော် အေအေ ဖက်မှနေမောင်း ထုတ်ပြီး အရပ်သားပြည်သူ တွေကို ဆေးကုမပေး ဘူးဆိုတဲ့ ပို့စ်တွေဟာစစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ စက်တင်ဘာလ ၁၆ ရက်နေ့ ကနေစလို့ ခါတ်ပုံနှင့်တကွ ပျံ့နှံ့နေပါတယ်။ Subscribers 23000 ကျော်ရှိတဲ့ May Yu Htar Nay တယ်လီဂရန်ချန်နယ်ကနေ စက်တင်ဘာလ ၁၆ရက် နေ့မှာ Breaking News ဆိုတဲ့ ပို့စ်ကိုတင်ခဲ့ပါတယ်။ ဒီပို့စ်ထဲ မှာရခိုင်ပြည်နယ် ၊ ကျောက်တော်မြို့ ကျေးရွာ တွေမှာ ငှက်ဖျားရောဂါဖြစ်ပွားမှုတဲ့ မြင့် တက် နေပြီးတော့ သေဆုံးသူတွေလည်း အများအပြား ရှိကာ ကျောက်တော်ဆေးရုံကို ဆေးသွားကု တဲ့သူ တွေကို ဆေးဝါး နည်းနေတာကြောင့် အရပ်သားတွေကို မကုပေးဆိုပြီး တော့ ရေးသားထားပါတယ်။




ဒါ့အပြင် ဒီပို့စ်ကို စစ်ကောင်စီဝါဒဖြန့် Western 24 news တယ်လီဂရန်ချန်နယ်မှာလည်း ထပ်ဖြန့်နေ ပြီးတော့ ဆက်ပြီး တော့လည်း ပျံ့နေတာကိုတွေ့ရပါ တယ်။ ဒီပို့စ်ကို ဝင်ရောက် ကြည့်ရှုသူ ၁၄၀၀၀ ကျော် ထိရှိပြီးတော့ Reaction ပြုလုပ်သူ ၉၅ ဦးနှင့် မှတ်ချက်ပြုလုပ်သူ တစ်ဦးရှိတာကို တွေ့ရပါတယ်။

# အယ်ဒီတာ စကား

ယခုအချိန်သည် အာရက္ခဒေသအတွင်း နေထိုင်သူများအတွက် ဒုက္ခပေါင်းများစွာနှင့် ကြုံတွေ့နေရသည့် အချိန်ပင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော အသက်အခဲများ၊ ပူပင်သောကများသည် အာရက္ခဒေသအတွင်းနေထိုင်သူများအဖို့ ကြီးစွာသော စိန်ခေါ်မှုများပင်ဖြစ်သည်။ ထိုအထဲအတွင် ယနေ့ကမ္ဘာကြီးနှင့် အဆက်သွယ်ပြတ်တောက်ကာ သတင်းအချက်အလက်များရရှိမှု ခက်ခဲခြင်းသည်လည်း တစ်ခုအပါဝင်ဖြစ်ပါသည်။

အာရက္ခဒေသအတွင်းနေထိုင်သူများသည် နေ့စဉ်ဘဝ၏အခက်ခဲများအပြင် လေကြောင်းမှတဆင့် ရက်စက်စွာ ပုံးကြဲချမှုများကြောင့် အသက်အရွယ်မရွေးသေဆုံးနေကြရသည်။ စစ်ကောင်စီသည် အာရက္ခဒေသမှာ လူထု အချင်းချင်း သွေးကွဲအောင်၊ အကြောက်တရားရအောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက် လျှက်ရှိ သည်။ လူထုအတွင်း သတင်းအမှားများဖြန့်ဝေခြင်း၊ သွေးခွဲသော ကောလဟာလများကို ဖြန့်ဝေခြင်း များကို ပြုလုပ်နေသည့်အတွက် လူထုမှာ သတင်းအမှန်များကို ရရှိရန် အလွန်ပင်လိုအပ်လာပါသည်။

အာရက္ခသဒေအတွင်းနေထိုင်ကြသူများအနေဖြင့် အင်တာနက်မှ တဆင့်သတင်းရရှိမှု မရှိသလို၊ လျှပ်စစ်မီး ပြတ်တောက်နေသည့်အတွက် ရုပ်မြင်သံကြားတို့မှတဆင့် သတင်းအချက်အလက်မရရှိကြပေ။ ထို့အတူ ရေဒီယိုနားထောင်ရန်မှာလည်း ဓာတ်ခဲ(သို့မဟုတ်) အားသွင်းရန်အခက်အခဲရှိခြင်း၊ သတင်းစာ၊ဂျာနယ်များ မရှိခြင်း စသည့်အကြောင်းအရာများကြောင့် သတင်းအချက်အလက်များ ရရှိရန် အလွန်တရာမှ ခက်ခဲနေကြခြင်းဖြစ်ကြောင်းသိရှိရပါသည်။

မိမိတို့နေဖြင့် ဒေသတွင်း လူထုထံသို့ သတင်းအချက်အလက်အမှန်များကို ပေးပို့နိုင်ရန် နည်းလမ်းများစွာကို စဉ်းစားခဲ့ကြပါသည်။ ထိုနည်းလမ်းများထဲမှ ယခုလစဉ် ထုတ်ဝေဖြန့်ချီမည့် "အာရက္ခဒေတ်ရှ်" အမည်ဖြင့် စာစောင်တစ်ခုကို အာရက္ခပြည်တွင်းနေထိုင်သူများထံသို့ အရောက်ပို့ဆောင်ပေးရန် စီစဉ်ခဲ့ကြပါသည်။ သို့သော်လည်း ပုံနှိပ်ရန်အခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများစွာရှိနေသည့် ဒေသတွင်းက လူမှုအဖွဲ့အစည်းများကို အကူညီတောင်းခံကာ ယခုလိုဖြန့်ချီလိုက်ရခြင်းပင်ဖြစ်သည်။

ယခု "အာရက္ခဒေတ်ရှ်"စာစောင်သည် သတင်းအချက်အလက်များ ရရှိရန်ခက်ခဲသော ကျေးလက်များ၊ စစ်ရှောင်စခန်းများကို အဓိကထားကာ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ မိမိတို့အနေဖြင့်လည်း ယခုလို ခက်ခဲနေသည့်အချိန်တွင် သတင်းအချက်အလက်အမှန်များကို ဒေသခံများထံသို့ ပေးပို့နိုင်ရန်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်းခံယူထားကြပါသည်။

အာရက္ခတို့သည် အမျိုးကိုစောင့်၊ သီလကိုစောင့်၊ မြေကို စောင့်ရှောက်သူများပီပီ အာရက္ခမြေပြင်၌ နေထိုင်သူ မည်သူမဆို လွတ်လပ်ပြီး၊ တရားမျှတသော လူ့အဖွဲ့အစည်းအဖြစ်နှင့် အနာဂတ် အာရက္ခမြေကို ပုံဖော် ထုဆစ်ရ မည်ဖြစ်ပါသည်။

# အယ်ဒီတာစကား

အယ်ဒီတာစကားစာအဆက်

ထို့ကြောင့်ယခုအာရက္ခပြည်သူ တစ်ဦးတစ်ယောက်ချင်း ကြုံတွေ့နေသည့် အခက်အခဲများ၊ ဒုက္ခများစွာသည် မိမိတို့၏ အခက်အခဲ ဒုက္ခများပင်ဖြစ်သည်။ ထိုအခက်အခဲ စိန်ခေါ်မှုများကို အချင်းချင်း ကိုယ်ချင်း စာစိတ်ဖြင့် မျှဝေခံစားပေးကြရန်မှာလည်း မိမိတို့၏ တာဝန်တစ်ရပ်ဟု ခံယူပါသည်။

သို့ဖြစ်ပါ၍ အာရက္ခဒေတ်ရှ် ပထမကြိမ်ဖြန့်ဝေမှုမှသည် အာရက္ခပြည်သူများအနေဖြင့် သတင်းအမှန်များကို အမှန် တကယ် သိရှိရသည် ဆိုပါက မိမိတို့အနေဖြင့် ထုတ်ဝေဖြန့်ချီရ ကျိုးနပ်ပြီဖြစ်ကြောင်းနှင့် အာရက္ခပြည်သူ များအနေဖြင့် ဘေးဘယာခမ်းသိမ်းမှ ကင်းလွတ်ပါစေကြောင်း အာရက္ခဒေတ်ရှ် မှ ဆုတောင်း မေတ္တာ ပို့သလျှက်ရှိကြောင်း အသိပေးအပ်ပါသည်။

**ရခိုင်ပြည်တွင်း ထူးခြားသတင်း**

## မင်းပြားမှာ ကျေးရွာ ၁၃ ရွာရေကြီး နေပြီး နေအိမ် ၂၆၀ကျော် ရေထဲမျောပါသွား

coastal News Agency

မင်းပြားမြို့နယ်အတွင်းမှာ ရှိတဲ့ ဖုံသာ ချောင်း အနီး ဝန်ကျင်က ကျေးရွာ ၁၃ ရွာမှာ ရေနစ်မြုပ်နေပြီး အဲဒီကျေးရွာ အတွင်းက လူနေအိမ် ၂၆၀ ကျော်ဟာ လည်း ရေစီးနဲ့ အတူ မျောပါပျက်စီး သွား ခဲ့ ရတယ် လို့ ဒေသခံတွေကပြော ပါတယ်။



မင်းပြားမြို့နယ်အတွင်းမှာပြီးခဲ့တဲ့ စက် တင်ဘာလဒုတိယ အပတ်ကတည်း က ပင် မိုးအဆက်မပြတ် ရွာသွန်းနေတာ ရှိ နေပြီး စက်တင်ဘာလ ၁၄ ရက်နေ့ မှာတော့ ရခိုင်ရိုးမက စီးကျလာတဲ့ တော င်ကျရေ ဟာ ဖုံသာ ချောင်းထဲကို ရေအ လုံးအ ရင်းနဲ့ဝင်ရောက်စီးကျလာ တာ ကြောင့် အခုလို ဖုံသာ ချောင်းအ နီးမှာ ရှိတဲ့ ကျေး ရွာ ၂၆ ရွာထဲက ကျေး ရွာ ၁၃ ရွာဟာ ရေနစ်မြုပ်နေ ရတာလည်း ဖြစ်တယ်လို့ဒေသခံတွေက ပြော ကြပါ တယ်။



*ပုံ ။ ရောဝတီသတင်းဌာန နှင့် အင်တာဗျူးတွင် ဗိုလ်ချုပ်ထွန်းမြတ်နိုင် အားမြင်တွေ့ရစဉ်။*

## ဗိုလ်ချုပ်ပြောစကား“ကျနော်တို့ရဲ့အာရက္ခအိမ်မက်က တော်တော် ခရီးရောက်နေပြီ”

***မေး။ဗိုလ်ချုပ်အမြဲပြောတဲ့ အာရက္ခအိမ်မက်ကဘယ် အခြေအနေ ကိုရောက်နေပြီလဲ?***

ဖြေ။ ကျနော်တို့ပြောနေတဲ့အာရက္ခအိမ်မက်ကတော့ တော်တော် လေးတော့ ခရီးရောက်လာခဲ့ပါ ပြီး။စိန်ခေါ် မှုတွေကလည်း တပြိုင် နက်တည်းအ များကြီးကိုရင် ဆိုင်နေရတဲ့ အချိန်ဖြစ်တယ်။ဒီ လိုစိန် ခေါ်မှုတွေ အ များကြီးဖြစ်လာတာကို ကြည့်ခြင်းအားဖြင့် အများ ကြီးခရီးရောက်နေပြီဆို တာကို အသိအမှတ်ပြုလို့ ရပါတယ်။

***မေး။ခရီးရောက်နေတာဆိုတာကို အသေးစိတ်ပြော ပြလို့ရ မလား ဘယ်အခြေအနေကိုရောက်နေတာလဲ၊ဘယ်ခရီးကိုရောက်နေတာ လဲ၊ရခိုင်ပြည်သူတွေအတွက်မျှော်လင့်ချက်တွေကဘာလဲ၊သူတို့ အိမ်မက် တွေကဘာလဲ၊အဲဒီဟာတွေကို ဗိုလ်ချုပ်တို့က ဘယ် လိုဖြည့်စည်းပေးမှာလဲဆိုတာကို အသေးစိတ်ပြောပြ ပေးပါ?***

ဖြေ။ဟုတ်ကဲ့ ကျနော်တို့ ဒီအာရက္ခအိမ်မက်က တော့တော်လှန် ရေးအပိုင်းရှိမယ် တည်ဆောက်ရေး အပိုင်းရှိမယ်ပြီးတော့ တော် လှန်ရေးပြီးသွားတဲ့ အ ချိန်မှာတောက်လျှောက်ပေါ့ ကျနော်တို့ ရခိုင်အမျိုး >>>>> အင်တာဗျူး အဆက်ကို စာမျက်နှာ ၃ တွင် ဖတ်ရန်သွားပါ.......... စာမျက်နှာ ၃ သို့>>>

## FACTCHECK




**ငှက်ဖျားဖြစ်ပွားနေသော ပြည်သူများကို အေအေ အဖွဲ့ မှ မောင်းထုတ်ပြီး ဆေးကုမပေးဆိုသောသတင်းအမှား**

Akyab Post

ရခိုင်ဒေသတွင်းမှာ ငှက်ဖျားရောဂါဖြစ်နေတဲ့ ပြည်သူ တွေကို အာရက္ခတပ်တော် အေအေ ဖက်မှနေမောင်း ထုတ်ပြီး အရပ်သားပြည်သူ တွေကို ဆေးကုမပေး ဘူးဆိုတဲ့ ပို့စ်တွေဟာ စစ်ကောင်စီဝါဒဖြန့် မီဒီယာ တွေမှာ စက်တင်ဘာလ ၁၆ ရက်နေ့ ကနေစလို့ ဓာတ်ပုံနှင့်တကွ ပျံ့နှံ့နေပါတယ်။

Subscribers 23000 ကျော်ရှိတဲ့ May Yu Htar Nay တယ်လီဂရန်ချန်နယ်ကနေ စက်တင်ဘာလ ၁၆ရက် နေ့မှာ Breaking

## FACTCHECK

News ဆိုတဲ့ ပို့စ်ကိုတင်ခဲ့ပါတယ်။ ဒီပို့စ်ထဲ မှာရခိုင်ပြည်နယ် ၊ ကျောက် တော်မြို့ကျေးရွာ တွေမှာ ငှက်ဖျားရောဂါဖြစ်ပွားမှုတဲ့ မြှင့် တက် နေပြီးတော့ သေဆုံးသူတွေလည်း အများ အပြား ရှိကာ ကျောက်တော်ဆေးရုံကို ဆေးသွားကု တဲ့သူ တွေကို ဆေးဝါး နည်းနေတာကြောင့် အရပ် သားတွေကို မကုပေးဆိုပြီး တော့ ရေးသားထားပါတယ်။

ဒ့ါအပြင် ဒီပို့စ်ကို စစ်ကောင်စီဝါဒဖြန့် Western 24 news တယ်လီဂရန်ချန်နယ်မှာလည်း ထပ်ဖြန့်နေ ပြီးတော့ ဆက်ပြီး တော့လည်း ပျံ့နေတာကိုတွေ့ရပါ တယ်။ ဒီပို့စ်ကို ဝင်ရောက်ကြည့်ရှုသူ ၁၄၀၀၀ကျော် ထိရှိပြီးတော့ Reaction ပြုလုပ်သူ ၉၅ ဦးနှင့် မှတ်ချက်ပြုလုပ်သူ တစ်ဦးရှိတာကို တွေ့ရပါတယ်။

**စစ်ဆေးတွေ့ရှိချက်**

စစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ ပျံ့နေတဲ့ပို့စ်ကို သတင်းတု သတင်းမှား ဟုတ်မဟုတ်ကို Akyab Post ရဲ့ Fact Check Team ကနေပြီးတော့ Google Advanced Search Tools အပါအဝင် Google Image Reverse search တွေနဲ့ အသေးစိတ်ရှာဖွေပြီးတော့ စစ်ဆေးခဲ့ပါတယ်။

Google Advanced Search Tools မှာ ရခိုင် မှာငှက်ဖျား ရောဂါ ဆိုပြီး တော့ရှာဖွေကြည့် လိုက်တဲ့အခါ ရခိုင်ဒေသအခြေစိုက် Develop ment Media Group ကနေ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကုလားတန်မြစ် အထက်ပိုင်း တွင် ငှက်ဖျားဖြစ်ပွားမှု မြှင့်တက်နေပြီး သေဆုံး သူများရှိနေ ဆိုတဲ့ သတင်းကို တွေ့ရပါတယ်။

Development Media Group(DMG) ရဲ့ သတင်းရေး သားဖော်ပြချက်မှာ ကုလားတန် မြစ်အထက်ပိုင်းက ကျေးရွာတွေမှာ ငွေကြေး အခက်အခဲတွေ၊ဆေးဝါးရှားပါးမှုတွေနဲ့ကျန်းမာရေး

*စာမျက်နှာ ၄ တွင် ဆက်လက်ဖတ်ရန်*>>>>>

## သတင်းအဆက်

အဲဒီလိုရေနစ်မြုပ်နေတဲ့ကျေးရွာ ၁၃ ရွာ ကတော့ ကိုင်းကြီး၊ ကျေးမကြီး၊ကျေးမ ချေ၊ပြင်ချောင်း၊ ပြင်ဝ၊ သရက်အုပ်၊နတ်ထောက်(ရွာသစ်/ရွာဟောင်း)ရွာသာယာ ၊ ခရီးမြောင် ၊အောက်၊ အထက်) ၊ဖိုင်ချောင်းနဲ့ စိတ္တရကျေးရွာ တွေဖြစ်ကြ ပါတယ်။

အဆိုပါရေဘေးဒဏ်ခံစားနေကြရတဲ့ ကျေး ရွာ ၁၃ ရွာ ကလူဦးရေ ၂၀၀ဂ ကျော်ဟာ လည်း ရေဘေး ဒဏ် ကြောင့် စားဝတ် နေရေး အခက်အခဲတွေ နှင့် ရင်ဆိုင် နေ ကြရတယ် လို့ ဒေသခံတွေက ပြောပါ တယ်။

ဒါ့အပြင်စိုက်ပျိုးထားတဲ့လယ် ယာ မြေတွေဟာ လည်း ရေနစ် မြုပ်တာကြောင့်များစွာ ပျက်စီး သွားခဲ့ရတယ်လို့ သိရပါတယ်။




ဘယ့်နှယ်၊ လူတွေမှာ ဒီလောက်စစ် ဘေးစစ်ဒဏ်သင့် ပြီး၊ မိသားစုတွေသေကွဲရော၊ ရှင်ကွဲ ပါခွဲခွာ နေကြရ ချိန်မျိုးမှာ မှိုတွေ၊ မျှစ်တွေလွမ်း ကြောင်း ပြောနိုင် သေး လား ရယ်လို့ အပြစ်တ ရင်လည်းငြိမ်ခံ ရဖို့ပဲ ရှိပါတယ်။ ဖတ်ရန် စာမျက်နှာ(၅ )>>>>>

## ဗိုလ်ချုပ် အင်တာဗျူးအဆက်

သားများရဲ့အာရက္ခတိုင်းပြည်ကို လူ့ဂုဏ်သိက္ခာရှိတဲ့ လူ့ဘောင်ဖြစ်ဖို့ ငြိမ်းချမ်းပြီးမှ တရားမျှတ တဲ့အား လုံးနဲ့လူသားတိုင်း နဲ့တန်းတူရည်တူဂုဏ်ရည်တူ ကမ္ဘာသမိုင်း စာမျက်နှာမှာနေရာမှန်လူမှန်ဖြစ် အောင်ဆိုတဲ့ဟာက ခရီးကအရှည်ကြီးပဲ ကျနော်တို့ရဲ့လမ်းစဉ်ဆွဲထားတာ။အခုခရီးရောက်နေပြီဆိုတာက ကျနော်တို့ပြည်သူတွေရဲ့စုစည်းညီညွတ်မှု တော်လှန် ရေးတိုက်ပွဲပြီးမှ ကြိုးစား နီးကြား အဲဒီအခြေခံအပိုင်းမှာ တော်တော်လေးခရီး ရောက်လာပြီဆိုတာကို ပြောခြင်း ဖြစ်တယ်။နောက်လည်း လုပ်စ ရာတွေအများကြီး ရှိနေ ပါသေးတယ်။

***မေး။အခုပြည်တွင်းမှာရော၊ပြည်ပမှာရော အခုမီဒီယာ တွေကနေပြီးတော့ရခိုင်ပြည်အရေးကို စောင့်ကြည့် သူတွေကနေပြီးတော့ ပြောနေကြတာရေးနေကြတာ ကဘာလဲဆိုတော့ ရခိုင်ပြည်လွတ်မြောက်တော့မှာ လားဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ အဲဒါကို ဗိုလ်ချုပ်အနေ နဲ့ ဘယ်လိုမြင်ပါသလဲ?***

ဖြေ။ကျနော်တို့ရခိုင်ပြည်လွတ်မြောက်တော့မှာလား ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးမှတော့အချိန်ကာလ ဖြင့်မေးဖို့ကတော့ မလွယ်ပါဘူး။အချိန်ကာလအားဖြင့်ပြောရမှာကတော့ခက်တယ်။သို့သော်အခြေအနေအပေါ်မှာ မူတည်ပြီးတော့ပြော လို့တော့ရတယ်။ကျနော်တို့ ရခိုင်ပြည်ထဲမှာစစ် ရေး အရတော့ တော်တော်လည်းကျိုးစားပြီးမှ တိုက်ပွဲ ဝင်နေတယ်။အခြေအနေ လည်းတော်တော် ကောင်း တဲ့ အနေအထားရှိပါတယ်။စိန်ခေါ် မှုတွေ တော့သူ့နေရာနဲ့သူ ရှိတာပေ့ါ ဥပမာ အားဖြင့် ဆိုရင် ရန်သူဖက်ကရေတပ်အင်အားကို အခြေပြုပြီး တော့ မှ သူလည်းခုခံစစ်ဆင်နွဲတာတော့အခု နောက်ပိုင်း သူ့ရဲ့မဟာမိတ်နိုင်ငံတွေ ဆီကနေ ဒရုန်းနဲ့တခြား သောနည်းပညာတွေကို ပိုပြီးဖြည့် စွမ်းလာနိုင်တာကို ကျနော်တို့တွေ့ရ တယ် သို့ သော်လည်းပဲ ဒါက စစ်မြေပြင်ရဲ့လျှို့ဝှက်ချက် ကိုစီတွေ နဲ့ဆိုတော့ ကျနော်တို့လည်း ကျနော်တို့နည်းဟန်နဲ့ ဆက် လက်ပြီးမှ ထိုးစစ် ဆင်တိုက် ခိုက်သွားဖို့ အစီ အစဉ်ရှိပါတယ်။ စာမျက်နှာ ၅ သို့>>>>

## FACTCHECK

စောင့်ရှောက်မှုတွေမရှိတာကြောင့် ဒေသခံ တွေမှာ ရောဂါကြောင့် သေဆုံးသူတွေပါရှိ ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု အကူ အညီတွေလိုအပ်လျက်ရှိ တယ်လို့ ရေးသား ထားပါတယ်။

ဒါ့အပြင် စစ်ကောင်စီဝါဒဖြန့် တယ်လီဂရန် ချန်နယ်တွေမှာ ပျံ့နှံ့နေတဲ့ ပို့စ်မှာ သုံးထား တဲ့ပုံကိုလည်း Google Image Reverse search နဲ့ စစ်ဆေးလိုက်တဲ့အခါမှာ Myanmar Pressphoto Agency ကနေ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ တင်ထားတဲ့ ရခိုင်ပြည်နယ်ရှိ စစ် ရှောင်စခန်းအချို့တွင် ကလေးငယ်နှင့် ဒေသခံ များတုပ်ကွေး ရောဂါဖြစ်ပွားနေပြီး ဆေးဝါး လိုအပ်နေ ဆိုတဲ့ သတင်းက ပုံဖြစ်နေ တာကို တွေ့ရပါတယ်။

Myanmar Pressphoto Agency ရဲ့သတင်း မှာသုံးထားတဲ့ပုံတွေဟာလည်းကျောက်တော် မြို့နယ်၊ တောင်မင်းကုလား စစ် ရှောင်စ ခန်း ကိုမို ခါမုန်တိုင်းတိုက်ခ တ်အ ပြီး မှာ မြင်ရတဲ့ မြင်ကွင်းဖြစ်တယ်လို့လည်း သတင်း မှာ ဖော် ပြထားပါတယ်။

စစ်ကောင်စီဝါဒဖြန့် မီဒီယာတွေမှာ ပျံ့နေတဲ့ ပို့စ်နဲ့ပတ်သက်ပြီး၏ကျောက်တော်မြို့မှဒေသ ခံ တွေကို မေးမြန်းကြည့်လိုက်တဲ့ အခါမှာ လည်း ငှက်ဖျားရောဂါဖြစ် နေကြတယ်ဆို ပြီး တော့ ကြားမိတယ်။ အေအေအဖွဲ့ကနေ ဆေးလာကုပေးတဲ့သူတွေကိုဆေးကုမပေး ဘူး၊နှင်ထုတ်တာတွေတော့ မရှိပါဘူး။

## FACTCHECK

သူတို့ ကပဲ ဒေသခံ တွေကို အဓိကဇ ဆေးကု ပေးနေ တာပါ လို့ ပြော ပါတယ်။

### သတင်းများကြောင်းသက်သေပြချက်

ဒေသတွင်းသတင်းဌာနတွေရဲ့ ရေးသားချက်နဲ့ ဒေသခံ တွေရဲ့ အတည်ပြုချက်တွေကို စီစစ်လိုက်တဲ့အခါ စစ်ကောင်စီဝါဒဖြန့် မီဒီယာတွေ မှာ ပျံ့နေတဲ့ပို့စ်မှာရေး သားထားတဲ့ ရခိုင်ဒေသ တွင်း ကျောက်တော်မြို့က ကျေးရွာတွေမှာ ငှက်ဖျားရောဂါ ကြောင့် သေဆုံးသူ တွေရှိတာ ဟာ မှန်ပေမယ့် ရောဂါကြောင့် ဆေးလာ ကုတဲ့ သူတွေကို အေအေအဖွဲ့ကနေ နှင်ထုတ်တ ယ်ဆိုတာဟာ မှားယွင်းတဲ့ အကြောင်းအရာဖြစ် နေတာကို တွေ့ရပါတယ်။

ရရှိထားတဲ့ အချက်အလက်တွေကို အတည်ပြုပြီး ကောက်ချက် ချလိုက်တဲ့အခါမှာ စစ်ကောင်စီဝါ ဒဖြန့် မီဒီယာတွေမှာ ပျံ့နေတဲ့ ပို့စ်ဟာ တစ်ဝက်မှန် တစ်ဝက်မှားတဲ့ သတင်းဖြစ်နေတာကိုပါ တွေ့ရပါတယ်။

လက်ရှိရခိုင်ဒေသမှာ တိုက်ပွဲတွေကြောင့် စစ်ကောင်စီဖက် ကနေ ကုန်လမ်း၊ ရေလမ်းတွေကို ပိတ်ပင်ထား တဲ့အပြင်၊ တိုက်ပွဲ တွေကြောင့် ကုန်စည်စီးဆင်းမှု တွေကိုလည်း ပိတ်ထားတာ ကြောင့် ရခိုင်ဒေသတွင်း မှာ ဆေးဝါးပြတ်လပ်မှုဒဏ်တွေကို ဒေသခံတွေ အနေ နဲ့ အလူးအလဲကြုံတွေ့နေရတာလို့ ဒေသ တွင်း သတင်းရင်းမြစ်တွေဖြစ်တဲ့ Western News၊ Narijina သတင်းဌာနေတွေမှာဖော်ပြထားပါတယ်။ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေကြောင့် စစ်ကောင်စီလက်လွှတ် ဆုံးရှုံးခဲ့ရတဲ့ မြို့တွေထဲမှာ ကျောက်တော် မြို့နယ်လည်းအပါ အဝင်ဖြစ်ပြီး တော့ ရခိုင်ပြည်နယ်မှ မြို့နယ် ၁၀ ခုကို အေအေ ဖက်ကနေ အပြည့်အဝ ထိန်းချုပ်ထားတယ်လို့ အေအေက ထုတ် ပြန်ထား ပါတယ်။

**အက်ဆေး အဆက်**

စစ်ဖြစ်တော့မယ်၊ ကြိုတင်ပြင်ဆင်ရှောင်ကြ၊ တိမ်း ကြပေ့လို့ကြိုတင်နိုးဆော်ချိန်မှာ ***"ငါတို့ မြို့လေး မ ဖြစ် နိုင်ပါဘူး၊ ငါတို့ဒေသက အေး ချမ်းတယ်"*** ဆိုပြီး ပေတေ ကပ်သပ်ခံနေတဲ့ သူတွေ၊ နောက်ဆုံး စစ်က အိမ်နောက်ဖေး ရပ်ကွက်ရောက်လာတော့မှ အဝတ်တထည် ကိုယ် တခုနဲ့ထပြေးကြတယ်။

ဖွန်လနောင်းပိုင်းမှာ သံတွဲနဲ့ ပိုမိုနီးကပ် ပြင်း ထန်လာ တဲ့ တိုက်ပွဲတွေကြောင့် အသက် ဘေးက လွတ်ရာကို ပြေးကြ ရချိန်မှာ ***"ငါ့အ မေတော့ ငပိတဘူးပိုက်ပြီး ငါ့ဆီရောက် ချလာတယ်"၊ "စောစောကတည်းက ခေါ်နေ တာမလာ၊ နေလို့မရတဲ့ အဆုံးကျ မှ ငနီတူ တစ်ထုပ်နဲ့သခွပ်ပွင့်တစ်ထုပ် ဆွဲပြီးထွက် လာကြတယ်"***ဆိုတဲ့ဆွေတွေမျိုးတွေ၊မိသားစု ဝင်တွေရဲ့ ဒေသက မခွာချင်တဲ့စိတ်နဲ့ စွန့်ခွာ ရပြီဆိုတဲ့အခါ မဖြစ်မနေပါလာကြတဲ့ တန်ဖိုး ကြီး ပစ္စည်းတွေအ ကြောင်းပြောကြဆိုကြရင်း ငိုအား ထက် ရယ်အား သန်ခဲ့ကြရပါတယ်။

မြန်မာပြည် တနံတလျားက တိုင်းရင်းသား ပေါင်းစုံ၊ လူမျိုး ပေါင်းစုံဟာသူတို့နေရာ၊ သူတို ့ဒေသကရိုးရာအစားအစာ၊ရာသီပေါ် အစားအ စာ တွေကိုတခံ့တ မင်စားသောက် ကြသလိုပဲ ကျမတို့ သံတွဲဒေသ မှာလည်း သံတွဲသူ၊ သံတွဲသားတွေ ကိုယ်နဲ့မကွာ ဆောင်ထား တတ်တဲ့ ဒေသ အစားအစာတွေရှိကြတယ်။

*ဗိုလ်ချုပ် အင်တာဗျူးအဆက်*

ဒီကြား ထဲမှာ ရခိုင်ဒေသ တစ်ခု တည်းကိုကြည့်ပြီးမှတော့ ဘယ်ဟာဘာဖြစ်မယ်ဆိုတာကိုပောလို့မရပါဘူး။ရခိုင်ဒေသ နဲ့ ဆက်စပ် တဲ့ ပတ်ဝန်းကျင် မြန်မာတပြည်လုံး အတိုင်းအ တာ ပြီးတော့ ကျနော်တို့ အိမ်နီးချင်း နိုင်ငံများရဲ့ အခြေ အနေ တွေကို ပါဆက်စပ် ပြီးတော့မှ ဒီအောင် မြင်မှုဆိုတာ ကိုဘယ်ပုံ စံနဲ့ အဆုံးသတ် အောင် လုပ်ရမလဲ ဆို တာတွေကို ကျနော် တို့အ ကုန်လုံး ဝိုင်းစဉ်စားပြီးမှလုပ်ဆောင်ဖို့လိုပါတယ်။

***မေး။ ၁၀၂၇ စစ်ဆင်ရေး အပိုင်း ၂ မှာ ဗိုလ်ချုပ်တို့ အနေ နဲ့ ဘယ်အခန်းကဏ္ဍမှာ ပါဝင်နေသလဲ ၊ဘာ တွေ မျှော် မှန်းထား သလဲဆိုတာကို သိချင်ပါတယ်။***

ဖြေ။ ပါဝင်တယ်ဆိုတာကတော့မြေပြင်မှာပါဝင်တဲ့ ပုံစံရှိမယ်။ အချိန်ကိုက်လှုပ်ရှားတဲ့အချိန်မှာကိုယ် ယူ ထားတဲ့အခန်း ကဏ္ဍ အလိုက်လုပ်ဆောင်သွားတဲ့အနေအထားတွေလည်းရှိမယ်။တ စ်ခါတလေ ကျနော် တို့အစောပိုင်းကာလတွေမှာဆိုရင် တိုက်ပွဲ တစ်ပွဲ တည်းမှာ ၃ ဖွဲ့လုံးပါပြီးတော့ တိုက်ခဲ့တာရှိတယ်။ နောက်ပိုင်းဆိုရင် သူ့နေရာနဲ့သူ သတ်မှတ်ပြီးတော့ မှတိုက်တဲ့ ဟာရှိတယ်။နောက်ပိုင်းဆိုရင် သူ့ဒေသနဲ့ သူခွဲပြီးတော့မှ ပိုပြီး ကျယ်ပျံ့တဲ့ မဟာဗျူဟာကို တစ် ယောက်နဲ့ တစ်ယောက် လုပ် ဆောင်သွားတဲ့ ပုံစံမျိုး သူ့မှာအဆင့်ဆင့် ရှိပါတယ်။ဒါကြောင့် ညီနောင် ၃ဖွဲ့ အနေနဲ့ကတော့ အလုပ်လုပ်တဲ့အချိန်မှာ ဘယ် ဒေ သမှာဘယ်အဖွဲ့ကပဲလုပ်လုပ် ဟန်ချက်ညီညီ နဲ့ သူ့ နေရာ နဲ့သူဆိုတဲ့ဟာမျိုးတွေ ရှိပါတယ်။ဒါကတော့ စစ်ရေးအရ ပြောနိုင်တဲ့ အတိုင်းအတာ ဖြစ်ပါတယ်။ကျနော်တို့က သူ့ရဲ့ဒေ သအလိုက် တစ်ဖက်မှာ ရှိတဲ့ အားသာချက်နဲ့ တစ်ဖက်မှာရှိတဲ့ စိန်ခေါ်မှုတွေ ဟာမတူပါဘူး။ကျနော်တို့ ၃ဖွဲ့ စပြီးမှပေါင်း စည်းက တည်းကတစ်ယောက်ရဲ့ အားသာချက်နဲ့ တစ်ယော က်ရဲ့အားနည်းချက်တွေကမတူကြဘူး စာမျက်နှာ ၇ သို့

ရခိုင်ပြည်တွင်း ထူးခြားသတင်း

## သံတွဲကစစ်ဘေးရှောင်တွေ နေထိုင်တဲ့ နေရာကို စစ်ကောင်စီလေကြောင်းတိုက်ခိုက်လို ၁၄ ဦးသေဆုံး ၂၀ကျော်ဒဏ်ရာရ

Coastal News Agency

ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၆ ရက်နေ့က စစ်ဘေးရှောင်တွေ နေထိုင်နေတဲ့ သံတွဲမြို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံးကို စစ်ကောင်စီက လေ ကြောင်းက ပုံးကြဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ဘေးရှောင် ၁၄ ဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ ၂၅ ဦးရှိတယ်လို့ ဒေသခံသတင်းရင်းမြစ်တွေဆီက သိရပါ တယ်။

သေဆုံးသူ ၁၄ ဦးကတော့ ဒေါ်နှင်းစုလှိုင် အသက်(၂၅)နှစ်၊ ဒေါ်ခင်ရွှေ အသက် (၆၅)နှစ် ၊ မအေးသက်ခိုင်(ခ)ကြာဖြူ အသက်(၇)နှစ် ၊ဦးထွန်းသိန်း အသက် (၆၃)နှစ်၊ ဦးဟိန်းမင်းထွန်း၊မောင်အောင်စံဦး အသက်(၈)နှစ် ၊မောင်ဆန်းသီဟနိုင် အသက် (၁၄)နှစ်၊ မဇာဇာမြင့် အသက် (၅)နှစ်၊ဦးထွန်းသိန်း အသက် (၆၃)နှစ်၊ဦးငဖီးအသက်(၈၀)နှစ်၊မောင်အေးထွန်း အသက်(၂၄)နှစ်၊မောင်ဆောင်းဦးလှိုင် အသက် (၁၂)နှစ်၊ဦးသန်းအေး အသက် (၄၂)နှစ် နဲ့ဒေါ်လှသိန်းရီ အသက် (၅၅) နှစ်တို့ဖြစ်ကြပါတယ်။

ဒဏ်ရာရရှိသူတွေကတော့ကိုထွန်းမင်းလတ်၊ဒေါ်သီတာ၊မရွှန်းလဲ့ရတီ၊ဒေါ်သန်းဌေး၊မအေးချမ်းသူ၊ဒေါ်ရွှေကြည်၊ဦးကြည်ရွှေ၊မောင်အေးချမ်းနိုင်၊ဒေါ်မိုးမိုးဝင်း၊သက်ပိုင်စိုး၊မောင်တင်မင်းထွန်း၊မသင်းရတနာအောင်၊ဒေါ်စိုးစိုးဝေ၊မနှင်းသော်တာထွန်း၊ဒေါ်မူမူထွေး၊ဦးအေးမောင်၊မသော်တာဦး၊မလပြည့်ဝင်း၊မောင်ငပိန်၊ဦးသန်းစိုး၊ကိုဖြိုးမင်းအောင်၊မရွက်နုစံ၊ဒေါ်အီကြာ၊မအေးမွန်နဲ့မောင်လင်းသက်ပိုင် တို့ ဖြစ် ကြပြီး အဲဒီ ဒဏ်ရာရ လူနာတွေကို အာရက္ခတပ်တော် အေအေ ကဆေးဝါးကုသပေးတာတွေ ကိုလည်းလုပ်ဆောင်ပေးနေတယ် လို့ဆိုပါတယ်။နယ်အတွင်းမှာတိုက်ပွဲတစ်စုံတရာဖြစ်ပွါးတာမရှိပဲ အရပ်သား ပြည်သူ တွေနေထိုင်ရာ နေရာတွေကို ရည်ရွယ်ချက်ရှိရှိ နဲ့ အခု လိုလေကြောင်းတိုက်ခိုက်မှု



လုပ်ဆောင်ခဲ့တာကြောင့် အရပ်သားပြည်သူတွေအခုလိုအစုလိုက်အပြုံလိုက် သေဆုံးဒဏ်ရာရရှိခဲ့တာလည်း ဖြစ်တယ်လို့ ဒေသခံတွေကပြောပါတယ်။လက်ရှိသံတွဲမြို့ဟာ အာရက္ခတပ်တော် အေအေကအပြီးသတ်သိမ်းပိုက် ရရှိထားပြီးသော မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။

**အက်ဆေး အဆက်**

လူတိုင်းဟာ သူ့အရပ်၊ သူ့ဒေသနဲ့ဝေးကွာ နေချိန်မှာကိုယ်စီဒေသအစားအစာကိုလွမ်းဆွတ်တတ်ကြတယ်။ စစ် ဘေးစစ်ဒဏ် ကြောင့်ပြေးရလွှားရ၊သူစိမ်း ပြင်ပြင်အ ရပ် တွေမှာ အခြေချကြရတဲ့အ ခါ စိတ်ရော ကိုယ်ပါ အရာရာ အထိုင်မကျကြ တဲ့ အထဲအစားအသောကပြဿနာလည်း ပါဝင်ပါတယ်။

တော်လှန်ရေးကာလ၊ကိုယ့်အရပ်၊ကိုယ့်ဒေသကို မလွဲသာမရှောင်သာလို့ စွန့်ခွာကြရသူတွေမှာ အိမ်ကိုလွမ်းစိတ်၊ မြို့ကို လွမ်းစိတ်နဲ့အတူ မွေးကတည်းကစား သောက်နေထိုင်မှုပုံစံလေးတွေကို လွမ်းတဲ့စိတ်က ခွဲလို့ မရနိုင်တာအဝေးရောက်နေသူတိုင်းရဲ့ခံစားချက်ဖြစ်ပါလိမ့်မယ်။

ကျမတော့ အခုအချိန်မှာ အလွမ်းဆုံးကမျှစ်ပါပဲ။မျှစ်ဆိုလို့ဘယ်နေရာဝယ်စားစားရတာပဲလို့ပြောကောင်းပြောနိုင်ပေမယ့်သံတွဲကထွက်တဲ့ခရင်မျှစ်ဟာတခြားဘယ်ဒေသမှာမှမတွေ့ဖူးတဲ့ထူးထူးခြားခြား အရသာရှိတဲ့ ရာသီစာတ မျိုးလည်းဖြစ်ပါတယ်။
အခုလိုမိုးတွင်းအချိန်ဆိုရင်ကျမတို့သံတွဲဒေသမှာ အပေါဆုံး တောစာ၊တောင်စာ၊ ရာသီစာကခရင်မျှစ်ပါပဲ။ဒီလိုအချိန်ဆိုရင်သံတွဲချောင်းရိုးအတိုင်းစုန်ဆင်းလာမယ့်>>>>
စာမျက်နှာ ၉ မှာဆက်ဖတ်ရန်.....

***ဗိုလ်ချုပ် အင်တာဗျူးအဆက်***

ဒါကြောင့်လည်းပေါင်းဖြစ်တာ ဖြစ်တယ် ။ တစ်ယောက်ရဲ့အားနည်းချက်ကို တစ်ယောက်က ဖေးမရင်း ဟန်ချက်ညီညီ နဲ့ အလုပ်လုပ်ကိုင် နေဆဲဖြစ်ပါတယ်။ဒီကြားထဲမှာ ရှမ်းမြောက်ဒေသမှာအဖွဲ့အစည်းနဲ့လူမျိုးစုဆိုင်ရာနယ်နမိတ် ကိစ္စတွေကတော့ အနည်းငယ်တော့ရှိတယ်။ ဒါပေမယ့်ဒီကိစ္စတွေကိုလည်း ပဲပြေလည်အောင် ဖြေရှင်းပြီးမှ ကျော်လွှားဖို့အတွက် ကြိုးစားထားတာတွေ ရှိပါတယ်။ဒီကိစ္စတွေကလည်း ဖြေရှင်းနိုင်မယ့် အနေအထားတွေပါ။

***မေး။မကြာသေးခင်ကပဲ လားရှိုးအခြေစိုက် ရမခ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကျသွား တာကိုတွေ့ရပါတယ်။ အဲဒီသတင်းကို ကြားရ တဲ့ အခါမှာ ဗိုလ်ချုပ်အနေ နဲ့ ဘယ်လိုခံစားရ လဲ ဘယ်လိုမြင်လဲ သိချင်ပါတယ်။***

ဖြေ။လားရှိုးကိုသိမ်းပိုက်ပြီးချိန်မှာ ဘယ်လိုခံ စားရလဲဆိုတာထက် ကျနော်တို့က စစ်ရေးပစ် မှတ်တစ်ခုကို စစ်ဆင် ရေးလုပ်တော့မယ်လို့စီ မံချက်ဆွဲပြီး ကတည်းကဒီဟာကိုနိုင်ဖို့ အတွက် တကယ်သံမဏိဌာန်အရရောပြင်ဆင်မှုတွေ ပါလုပ်ဆောင်ထားပြီးသားဖြစ်ပါတယ်။ဒါကြောင့် သိမ်းပိုက်လို့ရပြီးတဲ့အ ချိန်မှာကျတော့ ဒါကျေနပ်မှုတွေတော့ အများကြီးဖြစ်တာပေါ့ ဒီထက်ပိုပြီးမှစိတ်ဝင်စားစရာတွေ့ရှိမှုတွေလည်း ရှိပါတယ်။တကယ်က ကျနော်တို့ ဒီထက် အများကြီးခက်ခဲမယ်လို့ထင်ထားခဲ့တာ။သူ တို့ ၁၀၂၇အပစ်ရပ်ထားတဲ့အချိန်နဲ့ ဒီကြားထဲမှာနည်းပညာအရ နဲ့ ဖွဲ့စည်းပုံအရပါ ပြင်ဆင်မှုတွေ အများကြီးလုပ်ထားမယ် အရမ်း ခက်ခဲမယ်လို့ ထင်ထားတာပေါ့ ။ ဒါပေမယ့် တကယ်ကျတော့သူလုပ်တော့လုပ်ခဲ့ပေမယ့် Moral ပိုင်းမှာ သူတို့တော်တော်လည်းပျော့ညံ့ တာတွေကို ကျနော်တို့တွေ့ရတယ်။ ဒါက ကျနော့်အနေနဲ့ အားအပျော့ဆုံး အပိုင်းလို့မြင် တယ်။ကျနော့်ရဲ့ ခံစားချက်ကိုပြောတာထက် ပြည်သူ
>> စာမျက်နှာ ၉ မှာဆက်ဖတ်ရန်........

ပြည်သူ့စကား ရင်ဖွင့်သံ

## "စစ်ရှောင်ဘေးရှောင်တဦးရဲ့ အတိုဆုံးဝတ္ထု"



စစ်ရှောင်တွေအတွက်တိုက်ခန်းအငှား/အိမ်အငှားတွေမှာ လူကြီး မပါရ၊ ကလေး မပါရ၊ ၃ ယောက်ထက်မပိုရ၊ကန့်သတ်လူဦးရေထက်မပိုရတို့တွေ့ရင် ဝမ်းနည်းစိတ်၊ နာကျင်စိတ်၊ ခံပြင်းစိတ်တွေသိပ်ဖြစ်ရတယ်။

ရှောင်လာရတဲ့သူတွေဟာ ကိုယ့်အိမ်ကိုယ်ယာအိမ်ကြီးရက်သာနဲ့လူတွေချည်းပါပဲ ။ အခြေ မဲ့ အနေမဲ့သူတွေမဟုတ်ပါဘူး။ အိမ်ခြေရာမဲ့တွေမဟုတ်ပါဘူး။ပျော်လို့ရှောင်လာတာလည်းမဟုတ်သလိုပျားရည်ဆမ်းခရီးထွက်ခဲ့တာလည်းမဟုတ်ပြန်ဘူး။

ကိုယ့်အိမ်ရာအကောင်းစား၊ ပရိဘော ဂအစုံအလင်နဲ့ အိမ်အကောင်းကြီးတွေကိုစွန့်ပြီးပြေးလာခဲ့ကြရသူတွေပါ။ ကိုယ့်နေရာမှာနေမရလို့သာ ခြံဝန်းကျယ် အိမ်အကျယ်ကြီး တွေကိုထားခဲ့ပြီး မီးခြစ်ဆံဘူးပမာတွေမှာ ခိုနားဖို့လာရတာ။ မိသားစုနဲ့ပြေးကြသူတွေဆိုမှတော့အသက်ကြီးအဖိုးအဖွားကစလို့ အသေးပိစိထိ အိမ်ရှိလူအကုန်ပြေးကြတာလေ။

ပြည်သူ့စကား ရင်ဖွင့်သံ

စိတ်ပျော်လွန်းလို့ထွက်လာသူတွေမဟုတ်စိတ်ဒဏ်ရာတွေနဲ့ ပြေးခဲ့သူတွေပါ။

ကိုယ့်နေရာကို တစ်ဖျာ တစ်ကွက် တစ်လက်မလည်း တသနမြော စုံမက်မောသူတွေပါ။ သွေးနှင့်ချွေးနှင့် အဆင့်ဆင့်ဆက် အဆက်ဆက်ပေးဆပ်ပြီးရှာခဲ့တဲ့ဥစ္စာတွေကို စွန့်ခဲ့ရသူတွေပါ။

"၂ ယောက်ပဲရမယ်"၊ "၃ ယောက်မရဘူး"၊ "လူငယ်ပဲနေ လို့ရမယ်"၊ " လူကြီးနေလို့မရဘူး"၊ " အိမ်မွေးတိလေးတွေခေါ်မရဘူး" ၊ "ကလေးပေါက်စတွေ မရဘူးဆိုတော့ မိသားစုတစ်စုထဲက ဒီအရာတွေကို.....

ဘယ်မှာလွှင့်ပစ်ကြရမလဲ။ဘယ်နေရာမှစွန့်ပစ်ကြရမလဲ။ ကိုယ့်နေရာမှာ နေမရလို့သာ သူများနေရာ ပြေးခဲ့ကြသူ တွေပါ။ နေလို့ရသရွေ့ နေခဲ့ကြသူတွေချည်းပါပဲ။နေလို့ရတာနဲ့ ချက်ချင်းပြန်မယ့်သူချည်းပါပဲ။

ဒါဟာကမ်းမြောင်ရခိုင်ဒေသကလူတွေအပါအဝင်ဟိုးအထက်ဖျား ရှမ်းရိုးမနားကလူတွေရဲ့စိတ်လည်း ထပ်တူရှိ နေကြ မှာပဲ။

စစ်ရှောင်ဆိုရင်ကြည့်တဲ့အကြည့်ပြောတဲ့ အပြောတွေရဲ့ဒဏ်။ အငှားပွဲစားတွေရဲ့ ဒဏ်။မျက်နှာငယ်ကြရတဲ့ ဒဏ်။ ငမွဲတွေလိုကြည့်ခံရတဲ့ ဒဏ်။ဒဏ်ပေါင်းများစွာနဲ့ ကံ။ကံကြမ္မာရဟတ်တစ်ဖန်ပြန်ပတ်တတ်ပါတယ်။

အခုအေးနေပေမယ့်သိပ်မကြာခင်ပူနိုင်တယ်။ဒီနေ့အေးပေမယ့် မနက်ဖြန်ပူနိုင်တယ်။ အလှည့်အပြောင်း ဆိုတာခဏတာပါပဲ။ သမုဒ္ဒရာ ရေမျက်နှာထက်ခဏတက်သည့် တစ်သက်လျှာပါပဲ။ အပြောမှာသာ လက်သည်းဆိတ် လက်ထိပ်နာသတဲ့။ လက်တွေ့မှာတော့လက်သည်းကိုဆိတ်တဲ့ အပြင်လက်ကိုပါ လိမ်ချိုးသလိုပါပဲ။>>> ***စာအဆက် (၁၀)ဖတ်ရန်***

## အက်ဆေး အဆက်

မျှစ်လှေ့တွေကိုတွေ့ နိုင်တယ်။ ရခိုင်ရိုးမ အစွယ်ပွားတွေကိုမြစ်ဖျားခံစီးဆင်းလာတဲ့သံတွဲချောင်းရဲ့အထက်ဘက်မှာခရင်မျှစ်တွေထွက်ရာ ဝါးတောကြီး တွေ ရှိသလို၊ အခုလက်ရှိစစ်ဖြစ်နေတဲ့ကျိန္တလီ ဒေသချောင်းဖျားအ ရပ်ကနေ လည်းခရင်မျှစ်တွေထွက် တတ်ကြပါတယ်။

သံတွဲချောင်းဖျားက မျှစ်တွေဟာ သံတွဲချောင်း အတိုင်း လှေ့စီးပြီးစုန်ဆင်းကြ တယ်။ ကျိန္တလီ ဒေသကထွက်တဲ့ မျှစ်တွေ ကတော့ ဆိုင်ကယ် တတန်၊ကားတတန်နဲ့ သံတွဲကိုလာကြတယ်။ သံတွဲမှာ ဖြုန်းအား ရှိတာကိုး။ ကျိန္တလီမျှစ်က ပွ တယ်၊ နတယ်၊သံတွဲ ချောင်းဖျားမျှစ်က နည်း နည်းကျစ်တယ်၊ကြွပ်တယ်။

အခုလိုမျှစ်လှိုင်လှိုင်ပေါတဲ့အချိန်ဆိုရင်အိမ်တိုင်းမှာ မျှစ်ဟင်းကတော့ မပါမဖြစ်ဘဲ။ တို့စရာမျှစ်ပြုတ်၊ အရံဟင်းမျှစ်ချက်ဆို တာမျိုးအခေါင်းပွခရင်မျှစ် လေးတွေကို လေး စိပ်ခွဲပြီး၊ ငပိလေးနဲ့ ချက်စား တတ် ကြတယ်။

ဘာဟင်း ချက်လဲလို့ဘယ်သူ အိမ်ကိုမေးမေး၊ "***မျှစ်လှော်တယ်ဟေ့***"လို့ ပြန်ဖြေ သံကို ကြားရမယ်။ မျှင်ငပိမွှေးမွှေး လေးနဲ့ငရုတ်သီးအစိမ်းတောင့် လေးထက် ခြမ်းခွဲထည့်ပြီး ချက်စား တာကိုလှော်စားတယ်လို့ သုံးကြတယ်။ မျှစ်ဝယ်ရင် စျေးတအားမဆစ်နဲ့၊ တောထဲ တောင်ထဲ၊ ဝါးတော ထဲမှာခြင်တွေ၊ မှက်တွေ အကိုက်ခံပြီး မျှစ် တချောင်းရဖို့

## *ဗိုလ်ချုပ် အင်တာဗျူးအဆက်*

တွေ နဲ့တော်လှန်ရေးအဖွဲ့အစည်း အသီးသီးမှာ လည်းပိုပြီးခိုင်မာတဲ့ အောင်မြင်မှု အတွက်ယုံကြည်မှု တွေရလာခဲ့တယ်လို့မြင်ပါတယ်။

***မေး။မြန်မာစစ်တပ်ကိုရခိုင်ပြည်ကနေမောင်းထုတ်နိုင်တော့မှာလား ဆိုတဲ့ ပြောဆိုချက် တွေ ရေးသားချက်တွေ တွေ့ရတယ်။ဒါနဲ့ပတ် သက်ပြီး ဗိုလ်ချုပ်အနေ နဲ့ဘာတွေပြောချင်လဲ?***

ဖြေ။စစ်မြေပြင်အနေအထားတွေအရတော့ ကျ နော်တို့ ဆက်ပြီးမှအောင်မြေချဲ့လို့ရမယ့်ဘက်ကိုရှိပါတယ်။သို့သော်ကျနော်တို့ဖက် က သေချာစဉ်းစားကြည့်ရင် ဒီနယ်မြေအရ ကျယ်ပျံ့လာတယ်။ရန်သူကိုမောင်းထုတ်နိုင် တယ်ဆိုတဲ့ ဟာထက်ပိုပြီးမှ အရေးကြီးသော အောင်မြင်မှုအာမခံချက် တစ်ခုကိုကျနော်တို့ကစဉ်းစားဖို့လိုတယ်။ဒါကြောင့်သူတို့ကို ကိုယ်က တိုက်တဲ့အချိန်မှာ မခံနိုင်လို့ နောက်ဆုတ်သွားပေမယ့်တစ်ချိန်ချိန်မှာပြင်ဆင်ပြီးတော့မှပြန်လည်ထိုးဖောက်ဝင်ရောက်လာနိုင်တာလည်း ဖြစ်နိုင်တယ်။ဒါကြောင့်ယာယီအားဖြင့် နယ်မြေရရှိမှုတွေထက် ပိုပြီးမှသေချာတဲ့ အာမခံချက်တွေ ရအောင်လည်း စစ်ရေး၊နိုင်ငံရေးအရ ဆက်လက်လုပ် ဆောင်ဖို့ရှိပါတယ်။

***မေး။နိုင်ငံရေးအရလုပ်ဆောင်မယ်ဆိုတာ ဘာကိုသဘောဆောင်ပါသလဲ ခင်ဗျ?***

ဖြေ။မြန်မာနိုင်ငံမှာတော့ နိုင်ငံရေးအရဆွေးနွေးဖို့ ကြိုးစားခဲ့တာတွေလည်း အမျိုးမျိုးရှိခဲ့ပါတယ်။ဒါပေ မယ့်စစ်ရေးအရဘာမှအားမရှိတဲ့ အချိန်မှာ နိုင်ငံရေး ဆွေးနွေးမှုတွေလည်းဘာမှ အဖြေမထွက်ခဲ့ဘူးပေ့ါ။ အခုကျနော်တို့ စစ်မြေပြင်မှာဖြေရှင်းဖို့ ကြိုးစားရင်း နဲ့ အဆုံးသတ်မှာတော့ ဘာပဲပြောပြောနိုင်ငံရေးအရ ပြောဆိုကြရမှာပါ။အဲဒီပြောဆိုမှုတွေ ရဲ့အဆုံးသတ် မှာဘယ်ပုံစံနဲ့ သဘောတူညီမှုရမလဲဆိုတာက ပိုပြီး သေချာတဲ့ အာမခံချက်ကို ပေးနိုင်မှာလို့ ကျနော် နားလည်ပါတယ်။ စာမျက်နှာ ၁၁ သို့>>>

**ပြည်သူ့စကား ရင်ဖွင့်သံ**

လက် တွေ့မှာတော့လက်သည်းကိုဆိတ်တဲ့အပြင်လက်ကိုပါ လိမ်ချိုး သလိုပါပဲ။

တကယ်တော့လက်ထိပ်နာပေးစရာမလိုပါဘူးလက်ကိုမချိုးပစ်ရင်ကိုကျေးဇူးတင်နေပါပြီ။ဒီနေ့ဒီနေရာဟာ ငြိမ်ပေမယ့် မနက်ဖြန်တော့ပြောင်းလဲနိုင်တယ်။

ဒီနေ့ ပြေးလာသူတွေကို ဂုတ်သွေးစုပ်ပေမယ့် မနက်ဖြန်တော့ကိုယ်လည်းအဲ့လိုအခြေရောက်နိုင်တယ် အလှည့်အပြောင်းဆိုတာရှိစမြဲ။

လံကဓော လောကဓံမှာ ပျော်ပျော်ကြီး တွေ့ကြရစမြဲမို့စောင့်မျှော်ကြတာပေါ့။

၁၁/ သတန(နိုင်) စစ်ရှောင်တဦး

**လျှပ်စစ်မီး မရတဲ့အတွက် မြောက်ဦးမှာ ရှေ့ခေတ်ကသုံးတဲ့ ဆီပုံးတွေကို အသုံးပြုလာနေ**




လျှပ်စစ်မီးတွေ မရတော့တဲ့အတွက် မြော က်ဦးမြို့ကရပ်ကွက်၊ကျေးရွာတွေမှာ ရေနံဆီသံပုံးမီးတွေ ပြန်သုံးနေကြရပါတယ်။

အောင်မင်္ဂလာရပ်ကွက်၊ရတနာပုံရပ်ကွက်၊ဆင်ချဆိပ်ရွာသစ်၊ဘီလူးကန်ရပ်ကွက်၊ဒိုင်းဂျီရပ်ကွက်စတဲ့ရပ်ကွက်တွေ

**ရခိုင်ပြည်တွင်း ထူးခြားသတင်း**

မှာအသုံးများနေကြတယ်လို့ သိရပါတယ်။လျှပ်စစ်မီးတွေ မရတော့တဲ့အခါမီးထွန်းဖို့အတွက်ဆော်လာပြား နဲ့ ဘတ်ထရီအိုးတွေဟာလည်း ဈေးအဆမတန်ကြီးတဲ့အတွက် အခုလို ဆီပုံးတွေကို အသုံးပြုနေကြရတာလည်းဖြစ်ပါတယ်။

TaTa ဆိုလာပြား ၅၀ ဝပ် ၁ ချပ်ကို ၂ သိန်းကျော်အထိ ရှိပြီး၊ ဆိုင်ကယ်မှာ အသုံးပြုတဲ့ ဘတ်တရီအိုးငယ် တစ်လုံးကို ၁ သိန်းခွဲ၊ ၈၀ ဗို့အားရှိတဲ့ ဘတ်တရီအိုးတစ်လုံးကို ၄ သိန်းကျော်အထိ ရှိတယ်လို့ သိရပါတယ်။

မြောက်ဦးမြို့ပေါ်က ချမ်းသာတဲ့ မိသားစုတွေမှာတော့ ဆိုလာပြားတွေ ဘတ်ထရီအိုးတွေ ဝယ်ကာ မီးထွန်းနိုင်ကြပြီး၊ဆင်းရဲကျပ်တည်းတဲ့ ပြည်သူတွေမှာတော့ အခုလို ဆီပုံးတွေကို အသုံးပြုနေကြရတာလည်း ဖြစ်တယ်လို့ ဆီပုံးအသုံးပြုသူတစ်ဦး ကပြောပါတယ်။

"ဆိုလာပြားတွေ ဘတ်ထရီအိုးတွေ ဝယ်နိုင်တဲ့သူတွေကတော့ အဆင်ပြေတာပေါ့နော်။မဝယ်နိုင်တဲ့သူတွေမှာတော့ ဖယောင်းတိုင်ဈေးကလည်းကြီးတော့ အရင်တုန်းက အဖိုးအဘွားတွေအသုံးပြုခဲ့တဲ့ ဆီပုံးတွေကိုပဲ အသုံးပြုနေကြရပါတယ်"လို့ သူကပြောပါတယ်။

သံပုံးအခွံတွေမှာ ရေနံဆီအနည်းငယ်ထည့်ပြီး၊ မီးစာအဖြစ်အထည်စတွေကို အသုံးပြုရတာဖြစ်ပါတယ်။

မြောက်ဦးမြို့ပေါ်မှာ ရေနံဆီ တစ်လီတာကိုတစ်သောင်း ကျပ်ရှိပြီး ရေနီဆီ တစ်လီတာဆိုရင် ဆီပုံးအတွက်လခွဲလောက် အသုံးပြုရတယ်လို့ မြောက်ဦးမြို့က ဆီပုံးအသုံးပြုသူတွေက ပြောပါတယ်။

"ဟိုး အဘိုးအဘွား အရွယ်တုန်းကခေတ်ကို ပြန်ရောက်သလိုဖြစ်သွားတာပေါ့။ညတစ်ညအတွက်ဆီပုံးတွေ ထွန်းကာ နေနေကြ ရတယ်။

**အာက်ဆေးအဆက်**

*ဗိုလ်ချုပ် အင်တာဗျူးအဆက်*

ချိုးကြရ တဲ့လူ တွေမှာ လွယ်တာမဟုတ်" လို့ ကျမတို့ငယ်ငယ်ကလူကြီးသူမတွေကပြောလေ့ရှိ ကြတယ်။ဒီလို ချစ်စရာ ကောင်းတဲ့ တွေးတော သင်ကြားမှုက လည်းကျမတို့ဒေသ ရဲ့လူကြီးသူမတချို့ရဲ့အရင်း ခံ စိတ်စေတနာတွေလို့ဆိုရမယ်။

မျှစ်အပြင်ကျမအလွမ်းဆုံးနောက်ရာသီစာတမျိုးကတော့မှိုညို(ခေါ် )တောင်ဘိုမှိုပါ။သံတွဲမြို့ရဲ့တောင်ဘက်၊ အထူးသဖြင့် အခုတိုက်ပွဲတွေပြင်း ထန်နေတဲ့ ကျိန္တလီမြို့နယ်အ နီးတဝိုက်ဟာဘယ် ရွာ မဆိုလက်ညှိုးထိုးမလွဲမှိုညိုပေါ်တဲ့အရပ်ပါ။

မိုးဦးကျ ဝါဆိုလနဲ့ နေ နည်းနည်းပြန်သာတတ်တဲ့ မိုး လယ်၊ မိုးပြတ်စပြုလာတဲ့ သီတင်း ကျွတ်လို အ ချိန်အ ခါမျိုးဆိုရင်ကျမတို့အရပ်မှာတောထဲတောင်ထဲနေရာအနှံ့အပြဟားမှာသဘာဝအလျောက်ပေါက်ရောက်တတ်တဲ့မှိုညိုတွေပေါပြီ။တောင်ဘက်လို့ခေါ်တဲ့အရပ်ကမှိုရှာသူတွေဟာတောထဲတောင်ထဲမှာညအိပ်ခရီးမှိုရှာထွက်ကြတယ်။

တချို့ကလည်းအိမ်စားအတွက်နီးနီးနားနားရှာဖွေ ထွက်ကြတယ်။တချို့ကျတော့လည်းပြန်ရောင်းချ ဖို့အတွက် အဝေးအထိ သွားရှာဖွေတတ်ကြတယ်။မှိုကမျှစ်လိုတမိုးတွင်းလုံးပေါ် နေတတ်တာမျိုးမ ဟုတ်ဘူး။ တမိုးတွင်းလုံးမှာ ၃ ကြိမ်လောက်သာပေါ် တတ်တဲ့ရာသီစာပါ။ တချို့နှစ်တွေဆို ၁ ကြိမ် လောက်ပဲပေါ်တယ်။

***မေး။မကြာခင်က တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီရောက်လာခဲ့တယ်။ နေပြည်တော်သွားပြီးတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့တယ် အဲဒီ နောက်ပိုင်းမှာ တိုင်းရင်း သားလက်နက်ကိုင်တွေ အပေါ် မှာ တရုတ်အ နေနဲ့ ဖိအားပေးမှုတွေ ရှိလာ မယ်ဆိုတဲ့ သုံးသပ်ပြောဆိုမှုတွေရှိခဲ့တယ်။ဒါနဲ့ပတ်သက်ပြီး တော့ အေအေ အပေါ်မှာ တရုတ်က ဖိအား ပေးမှုတွေရှိနေ လားဆိုတာကို ပြောပြစေချင်တယ်?***

ဖြေ။ဖိအားပေးမှုလို့တော့ကျနော်တို့က တိုက်ရိုက်ကြီး မပြောလိုပါဘူး။ဒါကတော့ သူ့ရဲ့နိုင်ငံ ရေးမူဝါဒသူ့ရဲ့ အကျိုးစီးပွါးနဲ့ အကျိုးပြုတဲ့မှု တွေကို ပြဌာန်းမှာပဲ။ ကျနော်တို့ကလည်း ကျနော်တို့တိုင်းပြည်အတွက် ကျနော်တို့ပြည်သူ တွေအတွက် လုပ်သင့်လုပ် ထိုက်တဲ့ ဟာကို တဖက်နိုင်ငံတွေရဲ့ အကျိုးစီးပွားနဲ့ ပဋိပက္ခမဖြစ်အောင် သဟဇာတဖြစ်ဖို့ဆိုတာက တော့နောက်တစ်ပိုင်း ပေါ့။ကိုယ်လုပ်တဲ့ အလုပ်ကသူ့ရဲ့ အကျိုးစီးပွါးနဲ့ ပဋိပက္ခ မဖြစ်အောင် ထိပ်တိုက် တွေ့မှုတွေကို ရှောင်ရှား ပြီးမှ တော့ ပြည်သူတွေ အ တွက်လုပ်သင့် တဲ့ဟာတွေကို နည်း လမ်းတွေ ရှာပြီးမှ ဆက်လက်လုပ်ဆောင်နေဖို့ကအရေး ကြီး ပါတယ်။

***မေး။တရုတ်နိုင်ငံခြားရေးဝန်ကြီးကသူ့ရဲ့ခရီးစဉ်အ တွင်း မှာ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေ နဲ့ တရုတ် ဝန်ထမ်း တွေကို ကာကွယ်ပေးဖို့ အတိအကျ အသေအချာကို စစ်ကောင်စီ ကိုပြောသွား တာရှိခဲ့တယ်။ ရခိုင်မှာဆို ရင်လည်း ကျောက်ဖြူလိုဟာမျိုးတွေစီမံကိန်းတွေရှိတယ်ရေနံသဘာဝဓာတ်ငွေ့ပိတ်လိုင်းလိုမျိုးဟာတွေ***

စာမျက်နှာ ၁၃ သို့ >>>>

**မိုင်း အသိပညာပေး**



မိုင်းအန္တရာယ် အသိပညာပေးခြင်း

မိုင်းအား တွေ့ရှိပါက မထိရ၊ မကိုင်ရ မိုင်း နှင့် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများ က လူတို့၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ခြင်း၊

ခြေတစ်ဖက်(သို့မဟုတ်) ခြေနှစ်ဖက်စလုံးကို ဆိုးရွားစွာ ဆုံးရှုံးသွားစေနိုင်ခြင်း၊ ခန္ဓာကိုယ်အနံ့အပြားတွင် ပြင်းထန်စွာ ဒဏ်ရာ ရရှိစေခြင်း၊လက်တစ်ဖက်(သို့မဟုတ်) လက်နှစ်ဖက်စလုံးကို ဆိုးရွားစွာ ဆုံးရှုံးသွားစေနိုင်ခြင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရခဲ့ပါက လူတစ်ဦးတစ်ယောက်၏။

ခန္ဓာကိုယ်လှုပ်ရှားသွားလာမှုကို အခက်အခဲဖြစ်စေနိုင်ခြင်းနှင့် ထိုသူသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းကိုဆက်လုပ်ရန်ခက်ခဲခြင်းနှင့်ဆိုးရွားသည့် ပေါက်ကွဲမှုဖြစ်ပွားခြင်း၏ အကျိုးဆက်အဖြစ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရစေနိုင်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

***ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန***

**မိုင်း အသိပညာပေး**

⚠မိုင်းများနှင့် ပေါက်ကွဲစေနိုင်သောစစ်လက်နက် အကြွင်းအကျန်များကြောင့် သင်သည် အသက်ဆုံးရှုံးခြင်း(သို့) တစ်သက်လုံး ဒုက္ခိတဖြစ်နိုင်ပါသည်။ ၎င်းတို့အား မည်သည့်အခါမှမကိုင်တွယ်ပါနှင့်။

⚠ ပေါက်ကွဲစေနိုင်သော စစ်လက်နက်အကြွင်းအကျန်များ၏ဝေးရာတွင်နေပါ။ အန္တရာယ်ရှိသော နေရာ၏ အနီးပတ်ဝန်းကျင်အားဘယ်သောအခါမှ မချဉ်းကပ်ပါနှင့်။ အခြားသူများ အားလည်းအန္တရာယ်ရှိသော နေရာသို့မသွားစေရန် တားဆီးပါ။

⚠ မိမိနှင့် အကျွမ်းတဝင်မဖြစ်သောဒေသတွင် ခရီးသွားပါက လူအများအသုံးပြုထားသော လမ်းမများ၊လမ်းကြောင်းများအားအသုံးပြုပါ။ ဒေသခံလူများအား အန္တရာယ်ရှိမရှိမေးမြန်းပါ။

⚠ မိုင်းများနှင့် ပေါက်ကွဲစေနိုင်သော စစ်လက်နက် အကြွင်းအကျန်များအားမည်သည့်အခါမှထိတွေ့ကိုင်တွယ်ခြင်းမပြုပါနှင့်။

⚠ နေရာတစ်ခုအား မီးရှို့လိုက်ရုံဖြင့် လုံခြုံစိတ်ချရပြီဟု မဆိုနိုင်ပါ ။ မိုင်းများနှင့် ပေါက်ကွဲနိုင်သော စစ်လက်နက်အကြွင်းအကျန်များ၏ အန္တရာယ်ရှိနေနိုင်ပါသေးသည်။

⚠မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲနိုင်သောစစ်လက်နက်အကြွင်းအကျန်များသည် အလွန်လွယ်ကူစွာ ပေါက်ကွဲနိုင်ပါသည်။ မည်သည့်အခါမှ ချဉ်းကပ်ခြင်း၊ ကိုင်တွယ်ခြင်းမပြုပါနှင့်။

⚠မြေမြှုပ်မိုင်းများနှင့် ပေါက်ကွဲနိုင်သော စစ်လက်နက်အကြွင်းအကျန်များအား တစ်စုံတစ်ရာဖြင့် ဘယ်သောအခါမှ မပစ်ပေါက်/မထုခွဲပါနှင့်။

⚠ မိုင်း(သို့)ပေါက်ကွဲနိုင်သော စစ်လက်နက် အကြွင်းအကျန်တစ်ခုခုအား တွေ့ရှိပါက လူကြီးတစ်ဦးဦးအား အကြောင်းကြားပါ။အနီးသို့သွားရောက်ခြင်း(သို့)ကိုင်တွယ်ခြင်းမည်သည့်အခါမှ မပြုလုပ်ပါနှင့်။

**အက်ဆေး အဆက်**

မှိုပေါ်ပြီပေါ့ဆိုရင်သံတွဲ ရဲ့ တောင်ဘက်ဒေသ တကြောက လူတွေဟာ သံတွဲမြို့ပေါ်ကိုဆိုင်ကယ်၊ သုံးဘီး၊ကားရရာယာဉ် နဲ့ အပြေးအလွှားလာပြီး ရောင်းကြချကြတယ်။ မြို့ပေါ်ကလူတွေဟာတောင်ဘက်မှာ မှိုပေါ်ပြီ ဆိုတဲ့အသံကြားတာနဲ့၊ မြို့ထဲမှာ မှိုဈေးတန်း ဖြစ်နေပြီပေါ့ ဆိုတဲ့အသံကြား တာနဲ့ အဲဒီ နေရာကိုအပြေးအလွှားအရောက်သွားကြတာ။အလု အယုက်ဝယ်ကြတာ။

အိမ်မှာစားဖို့အတွက်ရောရောင်းရာသီစာလွှမ်းနေတဲ့ အဝေး ရောက် မိသားစုဝင်တွေဆီကိုပါ ချက်ပြုတ် ပို့ပေးဖို့ အတွက်ပါ တနင့်တပိုး ဝယ်ကြတာ။ မြေပဲဆီစစ်စစ်နဲ့ နနွင်းလေးထည့်ပြီး ဝင်းဝင်းအိအိလေး ကြော်စားကြ သလို၊မှိုဟင်းချိုလေး ချက်စားကြတယ်။

ငရုတ်သီးနဲ့လည်းသောက်ဆမ်းချက်စားကြတယ်။ ကိုက်ဝါးလိုက်ရင် ထုပ်ထုပ်အရသာလေးက အခုလို အဝေးရောက်နေချိန်မှာ တကယ့်ကို လွမ်းစရာပါ။ မှိုတွေ၊ မျှစ်တွေပဲ လွမ်းတာလားဆိုတော့ မဟုတ်ပါဘူး။ လယ်ခရုလည်းလွမ်းကြတယ်၊ ကိုယ့် အရပ်ချဉ် ပေါင်လည်း လွမ်းကြတယ်။

ကိုယ့်အရပ်ငရုတ်သီး၊ကိုယ့်အရပ်ပင်လယ်ငါး ကိုယ့်အရပ်ချောင်းပုစွန်၊ကိုယ့်အရပ်...၊ကိုယ့်အရပ်.. နဲ့ အစချီတဲ့ ဒေသအစားအစာ တွေ အပြင် သိပ်မကြာခင် ငသိန်းတုတ်ကို လည်း လွမ်းရတော့မယ်။

*ဗိုလ်ချုပ် အင်တာဗျူးအဆက်*

***ရှိတယ်ဒါ တွေ နဲ့ ပတ်သက်ခဲ့ရင်ရော တရုတ်က ဘယ်လိုတောင်းဆိုမှုတွေ ရှိခဲ့ဖူးလဲ?ဒီရင်းနှီးမြုပ်နှံမှု အ ပေါ် မှာရော အေအေ အနေနဲ့ သဘောထား ဘယ် လိုရှိသလဲဆိုတာ သိချင်ပါတယ်?***

ဖြေ။ ဘယ်နိုင်ငံပဲ ဖြစ်ဖြစ်နေ ရာတစ်ခုမှရင်း နှီးမြုပ် နှံမှုလုပ်ပြီဆိုရင်သူ့ ရဲ့ရင်းနှီးမြုပ်နှံမှုနဲ့ လူ ကို Personnel Security တွေပေ့ါ အဲတာ တွေကိုတော့ သူကစိတ်ပူမှာပဲ ။ သူ့ ရဲ့လိုအပ်ချက်ကို ကိုက သိနေပြီဆိုရင် သူ နဲ့ ဆက်ဆံ မယ့်အချိန်မှာ ကိုယ်လုပ်ပေးနိုင်တာကို လုပ် ပေး တာက ဒါက ကောင်းမွန်တဲ့ မဟာဗျူဟာမြောက်တဲ့လုပ်ဆောင်ချက်လို့ ကျနော်မြင်ပါတယ် ။တကယ်လို့ ကျနော်တို့ကသူ့ရဲ့လိုအပ်ချက်ကို မကူညီပေးဘဲနဲ့ ကိုယ့်ရဲ့ပြိုင်ဖက်က အဲတာကိုဖြည့်စည်းပေးတယ် ဆိုရင် ကိုယ့်ရဲ့ပြိုင်ဖက်က သူ့ဖက်ကိုရောက်သွားမယ် ဒါကြောင့် ကိုယ့်ရဲ့ ရခိုင်ပြည်မှာ ရှိတဲ့ သူရဲ့ အလုပ်သမားတွေရော ပညာရှင်တွေကိုပါ ကျနော် တို့က လုံခြုံရေးပေ့ါ Security Guarantors အဖြစ် နဲ့ ရပ်တည်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့ ဂုဏ်သိ က္ခာလည်းဟုတ်တယ်ဆက်ဆံရေးပိုင်းမှာလည်းတဆင့်မြင့်သွားမယ်ကျနော်တို့က အဲဒီလိုမြင်ပါတယ်။

တချိန်တုန်းကကျတော့ ဒီစစ်တပ်ကနေပြီတော့အစ စအရာရာကိုထိန်းချုပ်တဲ့ကာလမှာ သူဘယ်နိုင်ငံနဲ့ ဘာသဘော တူညီချက်လုပ်သလဲ ငွေက အိတ်ထဲကို ဘယ်လောက်ဝင်သွားသလဲ ပြည်သူတွေဆီက မြေ ကိုဘယ်လောက်သိမ်းသွားသလဲ လျော်ကြေးက ဘယ်လောက်ပေးသလဲဆိုတာကို ကျနော် တို့က ခံစားပိုင်ခွင့်လည်းမရှိခဲ့ဘူး။အဲဒီအချိန်မှာကျတော့ ပြည်သူတွေက အကျိုးအကြောင်းဆီလျော်တဲ့ တုန့် ပြန်မှုထက် ငြင်းပယ်ခြင်းတွေကိုပဲ ရွေးချယ် ခဲ့ကြ တယ် ။အဲလိုမျိုးမျက်လုံး ပိတ်ပြီးငြင်းလေလေတဖက်လူအတွက်အားသာချက်ဖြစ်လေလေဆိုတဲ့ အနေအ ထားမှာ ကျနော်တို့က ဒီဟာတွေကို ခွဲခြမ်းစိတ်ဖြာပြီးမှ ကိုယ်ဖက်က ဘယ်လိုတုန့်ပြန်ရင် အားသာချက်>>>>


စာမျက်နှာ ၁၅ သို့>>>

## မိုင်း အသိပညာပေး










## မိုင်း အသိပညာပေး







# မိုင်း အသိပညာပေး

အက်ဆေး အဆက်

မို့၊ မျှစ် စတဲ့ သဘာဝရာသီစာတွေဟာ ဒေသခံမိသားစုပေါင်းများစွာအတွက်ထမင်းအိုးတွေပါ။

သံတွဲဒေသဟာအခြားပြည်နယ်နဲ့တိုင်းတွေထက် မိုး ရေချိန်လက်မ များတတ်တဲ့ ဒေသဖြစ်ပြီး၊ မိုးရာသီဆို ရင်အလုပ်အကိုင်လည်း ရှားပါးတတ်တယ်။ငွေစကြေးစရှားပါးတတ်တဲ့ အချိန်မှာ တောသူတောင် သားတွေလက်ထဲ မှိုတွေ၊ မျှစ်တွေကြောင့် ငွေကြေး လည်ပတ်စေတယ်။

မှိုပေါ်တဲ့ရက် တွေဆိုရင်မှိုရောင်း သူတွေဟာ လက် ဖျား မှာ ငွေသီးကြတယ်။တောတိုးပြီး မှိုရှာဖွေရ သူ တွေဟာလည်း မှက်၊ ခြင်နဲ့ ကျွတ်တွေအပြင်မှို ကြိုက်တတ်တဲ့ ဝံနီတိုး(ဝက်ဝံ) လို တောကောင်မျိုး တွေရဲ့ အန္တရာယ်နဲ့ပါ ရင်ဆိုင်ရတတ်ပါတယ်။

တောထဲမှာ မျှစ်သွားချိုးရင်း၊ မှိုသွားရှာရင်း ဝံနီးတိုး နဲ့ တွေ့လို့ အသက်ဆုံးရှုံးလိုက်ရ သူတွေ၊ ကိုယ်လက် အင်္ဂါ ဆုံးရှုံးရသူ တွေအကြောင်း ကျမတို့ငယ်စဉ်က မကြာမကြာကြား ရတယ်။ ဒီလို အန္တရာယ်ရောပြွမ်း တဲ့တောတိုးတောင်တက်အလုပ်နဲ့ အသက်မွေးကြ၊ မိသားစု စားဝတ်နေရေးကို ဖြေရှင်းကြရတဲ့ တော သူ တောင်သားတွေကြောင့်သာ မှိုတွေ၊ မျှစ်တွေကိုကျမ တို့စားခွင့်ရကြ တာမ ဟုတ်လား။ ဒီနှစ်မှာတော့ တောတိုး မျှစ်ချိုး၊ မှိုရှာပြီး မိသားစု ဝမ်းရေးဖြေရှင်းကြ

*ဗိုလ်ချုပ် အင်တာဗျူးအဆက်*

ရှိသလဲဆိုတဲ့ ပုံစံမျိုး နဲ့ သေသေချာချာ ဆန်းစစ်လေ့လာပြီးမှ မူဝါဒတွေကိုချမှတ်ပြီးငါတို့ လည်းသူတို့ မျိုးလုပ်ပေးနိုင်တယ် သူတို့ကတော့ ပြည်သူတွေလက်မခံထားတဲ့ သူတွေမို့လို့ ပြည်သူ တွေ နဲ့ အငြင်းပွါးစရာတွေ ရှိမယ် ငါတို့ကတော့ ငါတို့ပြည်သူတွေ နဲ့တသားတည်းရပ်တည်ပြီးတော့ မှ ဒီကိစ္စတွေကို ပူးပေါင်းဆောင်ရွက်လို့ ရတယ် ဆိုတဲ့ နေရာမျိုးပေါ့နော် ကျနော်တို့ဖက်ကလည်းဒါ ရှိတယ်ဆိုတာမျိုးတွေကို Present လုပ်လို့ရတယ် ဒီလိုမျိုးပါ။

***မေး။မဟာဗျူဟာကျတဲ့ဆွေးနွေးမှုတွေ သံတမန်အခင်းအကျင်းတွေနဲ့ အဓအကြား နဲ့တရုတ်အစိုးရ ကြားထဲမှာဆက်ဆံ မှုမျိုးတွေ ဆွေးနွေးမှုမျိုးတွေ ရှိ ခဲ့ပါသလား?***

ဖြေ။ကျနော်တို့ကတော့ အဓိက မိမိပြည်သူတွေ မိမိ ရဲ့တိုင်းပြည်ရဲ့အကျိုးစီးပွားဖက်ကရပ်တည်ပြီး မှ စဉ်းစားမှာပဲ ပြီးတော့ အလုပ်လုပ်လာမယ်ဆို ရင် ရင်း နှီးမြုပ်နှံတဲ့သူကိုယ့်ရဲ့ Partner တွေ ရဲ့ အကျိုးစီးပွားမှုရေရှည်အကျိုးစီးပွါး၊ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်တွေကို၏အကုန်လုံးပေါင်းစပ်ပြီး စဉ်းစားမယ်။ စဉ်းစားပြီး ရင်ဖြစ်သင့်တဲ့မူဝါဒတွေကို ချထားတာပဲ ။ပြီးရင် စောစောကပြောတဲ့မေးခွန်းပေါ့ တရုတ်သံတ မန်နဲ့ ဆွေးနွေးသလားဆိုတဲ့ ကိစ္စကတော့ ကျနော်တို့လည်း တတ်နိုင်သမျှထိုးဖောက်ပြီး မှ ကိုယ်လက်လှမ်း မှီသလောက်မှာ ဒီအခြေ အနေတွေကို ချပြပြီးတော့မှ ဘင်္ဂလားဒေ့ရှ်ကလည်း ကျတော်တို့ အိမ်နီးချင်းနိုင် ငံတွေထဲမှာမြန်မာနိုင်ငံ Non-state Actors တွေ နဲ့ ဆက်ဆံတဲ့ အတွေ့အကြုံ အနည်းဆုံးလို့ ပြောလို့ ရပါမယ်။ဘင်္ဂလားဒေ့ရှ်မှာ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံ ၂ နစ်ငံရှိတယ်။တဖက်က အိန္ဒိယရှိမယ်၊ မြန်မာပြည်ဘက်ရှိမယ် တခြားမြန်မာ အိမ်နီးချင်းနိုင်ငံတွေ

စာမျက်နှာ ၁၇ သို့>>>>

မိုင်း အသိပညာပေး




မိုင်း အသိပညာပေး



**အက်ဆေး အဆက်**

ရတဲ့တော သူတောင်သားတွေ ဟာလည်းတချို့က စစ်ဘေးရှောင် သူရှောင်၊တချို့ကတော လည်းမတိုးရဲ၊ တောင်လည်း မတက်ရဲတော့တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေကြရတယ်။ တောသူ တောင်သားတွေကို မှက်တွေ၊ခြင်တွေ၊ဝံနီးတိုးတွေ ရဲ့ ရန်အပြင် နောက်ထပ်ကြိုမမြင်၊ကြိုမကြားနိုင်တဲ့လူသတ်စစ်လက်နက်ဖြစ်တဲ့မြေမြှုပ်မိုင်းတွေစောင့် ကြိုနေပါပြီ။ အထူးသဖြင့် ကျိန္တလီဒေသက တောတောင်တွေပေါ် မှာ နှစ်ပေါင်း ဆယ်နဲ့ချီ မပျက်စီးဘဲနဲ့ သက်ရှိမှန်သ မျှရဲ့ အသက်ဝိညဉ်နှုတ်ယူမယ့် မြေမြှုပ်မိုင်းတွေဘယ်လောက်တောင်များနေပြီဆိုတာ မိုင်းထောင်သူလူတစုကလွဲရင်ဘယ်သူမှ မသိနိုင်ပါဘူး။

ဘိုးဘေးလက်ထက်ကတည်းကသန့်ရှင်းတဲ့တော တောင် ရေမြေတွေဟာအဆင်ခြင်မဲ့တဲ့ စစ်တပ်က ထင်တိုင်းကြဲ အသုံးချခဲ့တဲ့ မြေမြှုပ်မိုင်းတွေကြောင့်ညစ်ညမ်းသွားခဲ့တယ်။ အရပ်သားတွေ သွားလာတဲ့ တော တောင်လျှိုမြောင်နဲ့ လယ်ယာချောင်းကန်၊ ပင်လယ်ကမ်းနားက အုန်းတောထဲပါ မချန် လူသတ်မိုင်းတွေကို ထောင်ခဲ့ကြတယ်။

မြေမြှုပ်မိုင်း တွေထောင်ထား လို့တောထဲ တောင်ထဲ မသွားကြနဲ့” ဆိုတဲ့လက်လွတ်စပယ်၊ တာဝန်မဲ့ စကားတွေနဲ့ ဒေသခံပြည်သူတွေရဲ့ ထမင်းအိုးကို ရိုက်ခွဲလိုက်ကြတယ်။

***ဗိုလ်ချုပ် အင်တာဗျူးအဆက်***

နဲ့ မတူညီတဲ့အချက်တွေက မြန်မာအရှေ့ဘက်မှာဆိုရင် KNU ၊ RCSS တို့လို အင်အားကြီးပြီးတော့မှ စုဖွဲ့မှုကောင်းတဲ့ အဖွဲ့အစည်းတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေ ဆက်ဆံရေးက ဒါပြောရမယ်ဆိုရင် G to G ပုံမျိုးတော့မဟုတ်ဘူး သို့သော် ဒါအထိုက်အလျှောက်လေ့စားမှုနဲ့ အသိအမှတ်ပြုမှုတွေပူးပေါင်း ဆောင်ရွက်မှုတွေရှိတဲ့ ဆက်ဆံမှုမျိုးအတွေ့ အကြုံရှိတယ်။ ဘင်္ဂလားဒေ့ရှ် နယ် စပ်ကျတော့ အင်အားမရှိတဲ့ တော်လှန် ရေးလို့ နာမည်ခံထားတဲ့ အဖွဲ့အစည်းသေးသေးလေးတွေကို ပဲသူဆက်ဆံဖူးတယ်။ပြီးတော့နယ်စပ်ကုန်သွယ်ရေး အရပြော ရင် အရှေ့အခြမ်းက အိမ်းနီးချင်းနိုင်ငံတွေ ရဲ့ကုန်သွယ် ရေးလိုမဟုတ်ဘူး ။ သူ့ရဲ့အကျိုးစီးပွါး က အဲဒီလောက်ထိမများဘူး။တစ် နှစ်လုံးပေါင်းလိုက် မှဒေါ်လာဆယ်ဂဏန်း ရာဂဏန်းပေ့ါအရမ်းကောင်းတဲ့နှစ်တွေမှာဆိုရင်။သူက State actor အနေနဲ့ G to G ဆက်ဆံမှုရှိတယ်။ဒါကြောင့်မို့သူကလည်း Leverage Power ကို သုံးပြီးမှ မကြာသေးခင်ကပဲ လားရှိုး ကျသွားတဲ့အ ချိန်မှာ ငိုပြလိုက်တယ် ဟိုကဖြေရှင်းတဲ့ပုံစံမျိုးတွေ ပေ့ါ။ကျနော်တို့ကျတော့ State actor အဆင့် ကိုမရောက်သေးဘူး။ ကျနော်တို့De – Facto Government တစ်ခု လိုမျိုးတော့ဟုတ်တယ် သူ့လမ်းကြောင်းနဲ့သူ နိုင်တဲ့ အနေအထား ကနေပြီးတော့ ဝင်ပြီးထိုး ဖောက်တာတွေကို တော့ လုပ်ပါတယ်။

***မေး။ အိန္ဒိယရဲ့ ကုလားတန်စီမံကိန်းဆိုတာ ရခိုင်ပြည်ထဲ မှာ ရှိနေပါတယ် အဲဒီစီမံကိန်းတွေ ရဲ့လက်ရှိအခြေအနေတွေက ဘယ်လိုရှိနေသ လဲ ပြီးတော့တဆက်တည်းမှာ အိန္ဒိယအစိုးရနဲ့ အေအေ ရဲ့ ဆက်ဆံရေးအခြေအနေက ဘယ်လိုရှိနေပါ သလဲ?***

စာမျက်နှာ ၁၈ သို့>>>>>

**အက်ဆေး အဆက်**

ဇူလိုင်လဆန်းလောက်က ကျိန္တလီ ဒေသက လူမမယ်ကလေး ၃ ယောက်ရဲ့ဖခင်ဟာ စစ်ဘေးထက်အငတ်ဘေး ကို ကာလကြာရင် ဆိုင်လာရချိန်မှာ မြေမြှုပ်မိုင်းတွေထောင်ထားတယ်လို့ စစ်တပ်က အတိအလင်း အသိ ပေးထားတဲ့ တောထဲတောင်ထဲဆီ မှိုရှာ၊ မျှစ်ရှာ၊ ဟင်းရှာ ထွက်ခဲ့တယ်။

"မိုင်းကွဲသံကြားရင်၊ ငါလို့သာ မှတ်လိုက်" ဆိုတဲ့ စကားကို သူမသွားခင်ပြောသွားတယ်လို့ တ ယောက်စကားတယောက်နား နဲ့ ကြားသိလိုက်ရတယ်။

ဘယ်လောက်ရင်နာစရာကောင်းလိုက်တဲ့ အခြေ အနေလဲဆိုတာ စဉ်းစားနေစရာ တောင်မလိုတော့ ပါဘူး။ အသက်ကို လောင်းကြေးထပ်ပြီး၊ အသက်ကိုနှုတ်ယူမယ့် နေရာတွေဆီကိုသွားမှ ဒီသား၊ ဒီသမီး၊ ဒီဇနီးတွေ ရဲ့ ဝမ်းမီးငြိမ်း နိုင်မယ့်အရေးကို သူရွေးချယ်ခဲ့ ရတယ်။

လူမမယ်ကလေးတွေနဲ့ ကျန်ရစ်သူ သူ့ဇနီးကို ကြည့်ပြီး လူတချို့ကပြောကြတယ်။

***"မိုင်းထောင်ထားတယ်လို့ ပြောထားတာကိုတော တွေတောင်တွေထဲကို သွားတယ်၊ အခုတော့ သေသွားရပြီ"*** တဲ့။ကျူးလွန်သူကိုအပြစ်မဆိုရဲတဲ့အခါ နစ်နာသူကို ဂရုဏာဒေါ သနဲ့ အပြစ်ဆိုကြရတာ နာကျင်စရာ အဖြစ်ပါ။

မှိုလွှမ်းကြောင်း၊မျှစ်လွှမ်းကြောင်းပြောရင်းမြေမြှုပ်မိုင်းအကြောင်းပါလာ လိမ့်မယ်လို့ >>>

***ဗိုလ်ချုပ် အင်တာဗျူးအဆက်***

ဖြေ။အိန္ဒိယ၊တရုတ်၊ထိုင်း မြန်မာအိမ်နီးချင်းနိုင် ငံအများစုက ၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်းမှာ မြန်မာနယ်စပ်လုံခြုံရေးဆိုင်ရာနဲ့၊မြန်မာဆိုင် ရာဆက်ဆံရေးမူဝါဒတွေကို တော်တော်လေး ရှုပ်ထွေးထွေပြားတယ်လို့ ကျနော်တို့မြင်ပါ တယ် ။နဂိုရှိထားတဲ့ မူဝါဒ ပြီးတော့ သူတို့မှာ လည်းပါတီတစ်ခု ချင်းစီအ လိုက်ဆက် ဆံရေး နိုင်ငံအစိုးရအချင်းချင်းဆက်ဆံရေးကြားမှာ ပြောင်းလဲ လာတဲ့ အခြေအနေကိုဘယ်လို accommodate လုပ်မလဲ နယ်စပ် ဒေသမှာ ဖြစ် ပေါ်လာတဲ့ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေရော ပြီးတော့အကျိုးစီးပွါးဆိုင်ရာ အပိုင်းတွေကို ဘယ်လို accommodateလုပ်မလဲဆိုတာတွေကိုအခုထက်ထိတချို့နိုင်ငံတွေဆိုရင်အစီအစဉ်မကျနိုင်ကြသေဘူး။ဒီထဲမှာကျနော်မြင်မိသလောက်ကတရုတ်နိုင်ငံကျတော့အပြောင်အလဲအခြေအနေကိုတော်တော်လေးဒီမြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသနဲ့ဆက်ဆံရေးစစ်ခေါင်းဆောင်အဆက်ဆက်နဲ့လည်းသူက ဆက်ဆံနေခဲ့တယ်ပြီးတော့ဒေသဆိုင်ရာလုံခြုံရေး အပိုင်းကို လည်း မဟာဗျူဟာမြောက်အောင် သူက Oversee လုပ်နေ ခဲ့တယ်ဆိုတော့သူ့မှာ ဒီဟာကို Respond လုပ်ဖို့အတွက် သူ့မှာသူများတွေ နဲ့ စာရင်သူတို့ကပိုပြီးမှတက်ကြွတယ်လို့ ကျနော်တို့မြင်တယ်။ အိန္ဒိယတို့ဆိုရင်သူက အစိုးရကလည်း ဒီမိုကရေစီအစိုးရဖြစ်တယ် သူ့ရဲ့ Government Bureaucratic System အလုပ်လုပ်တဲ့ ပုံစံကလည်း နှေးတယ်။ဆိုတော့သူ့ရဲ့ Thinkers တွေက စဉ်းစား မိ ရင်တောင်မှ တချို့နိုင်ငံရေးသမားတွေရဲ့Decision Makersတွေဆီမှာကြန့်ကြာနေတဲ့ဟာ တွေရှိတယ်။ ဥပမာမြန်မာနိုင်ငံမှာ အခု စစ်ပွဲတွေနဲ့နယ်စပ်တွေမှာ Security Provider တွေက ပြောင်းလာခဲ့ပြီအရွှေ့ တွေက အများကြီး ဖြစ်နေပြီသူ့မှာပြောင်းလဲဖို့ လို တဲ့ဟာကို သူက Adjustments မလုပ်နိုင်ဘူး။ စာမျက်နှာ ၁၉ သို့>>>>

**အက်ဆေး အဆက်**

မမက်ဖူးတဲ့ အခြေ အနေကနေ အခုတော့ ကျမတို့တွေလက်တွေ့ကျကျရင်ဆိုင်နေကြရပြီ။

စစ်ကောင်စီကင်းမဲ့သွားသည့်တိုင်စစ်ကောင်စီ ချန်ထားခဲ့တဲ့ လူသတ်မိုင်းမြေမြှုပ်မိုင်း နဲ့ မပေါက်ကွဲသေးတဲ့ စစ်လက်ပစ္စည်းတွေ ရှာဖွေ ရှင်းလင်းရေးတွေ မလုပ်နိုင်သေးခင်အချိန်အ ထိပြည်သူတွေဟာမလုံခြုံစွာရှေ့ဆက်လျှော က်လှမ်းရဦးမယ်။

စစ်ကြီးပြီးသွားလို့ကျမတို့အိမ်ပြန်ခွင့်ရတဲ့အခါ ကျမတို့ လွမ်းနေတဲ့ တောစာ၊တောင်စာ၊ ဒေသစာ၊ ရာသီစာလေးတွေကို ဘေးကင်းလုံခြုံစွာ နဲ့ရှာဖွေစားသောက်ခွင့်ရကြပါစေလို့ ဆုတောင်းမိတယ်။

Dwayarwad Community Base News Agency မှ
*(လင်းမြရည်ရေးသားသည်။)*

**အာရက္ခဒေသအတွင်း တိုက်ပွဲသတင်းများ**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်

အာရက္ခပြည်၊ အမ်းမြို့နယ်၊ ကျောက်စကွဲ ကျေးရွာ၏ အနောက်ဘက် မီတာ (၄၀၀) ခန့်အကွာအဝေးတွင်ဖက်ဆစ်အကြမ်းဖက်စစ်ကောင်စီ၏ စကခ (၅)လက် အောက်ခံ ခမရ (၃၄၆/ ၃၇၃/ ၃၇၂) တပ်ရင်း များ စုပေါင်းထားသော အင်အား (၁၀၀) ခန့်ပါ စစ်ကြောင်းတစ်ခုနှင့် အာရက္ခတပ်တော်တိုသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့၊

***ဗိုလ်ချုပ် အင်တာဗျူးအဆက်***

သူ့မှာရွေးကောက်ပွဲတွေ ခံနေတယ် သူ့ရဲ့ရွေးကောက်ပွဲကလည်း သူများနိုင်ငံနဲ့မတူဘူး ရက်ပေါင်းများစွာ ကြာတယ်။ ပြီးတော့သူ့ရဲ့နိုင်ငံဖွဲ့စည်းပုံက ဗဟို အစိုး ရ ဖက်ဒရယ်အစိုးရဖြစ်နေတယ် ။ဗဟိုကဟာ နဲ့ ဖက်ဒရယ်ကဟာနဲ့ InLine မဖြစ်တဲ့နေ ရာတွေ မှာဆို ရင် ကြန့်ကြာမှုတွေ အများကြီးတွေ့ရတာ ပေ့ါ။ဒါက အားသာချက် အားနည်းချက်တွေ နဲ့ ပတ်ဝန်းကျင်အခြေအနေတွေပါ။ပြီးတော့ဒီတခြားနိုင်ငံတွေ ထိုင်းတော့ ၊ဗီယနမ်တော့ ဆိုရင်လည်းဘဲ ထိုင်းစစ်တပ်ကြား နဲ့မြန်မာစစ်တပ်ကြားကဆက်ဆံရေး ပြီးတော့ထိုင်းရဲ့ ရွေးကောက်ပွဲရအာဏာရလာ တဲ့ အစိုးရရဲ့ အနေအထားပြီးမှ ထိုင်းပြည်သူ နဲ့ မြန်မာ ပြည်သူတွေ ရဲ့အနေအထားဒီဟာတွေကို ထိုးယှဉ်ပြီးကြည့်လိုက်မယ်ဆိုရင်ဒါကလည်းအကျိုးစီးပွားချင်း နေရာတိုင်းမှာ ထပ်တူမကျတဲ့ အနေအ ထားမှာရှိတယ်။ဒီမှာတော့အကြောင်းပြချက်တွေတော့ အသံတွေ အမျိုးမျိုးထွက်လာတာပေ့ါ မြန်မာ နိုင်ငံမှာစစ်တပ်မရှိဘူးဆိုရင်ဒေသအတွင်းမှာလုံခြုံရေးစိန်ခေါ်မှုတွေဖြစ်လာမယ်ဆိုတဲ့အကြောင်းပြချက်တွေ နဲ့ မြန်မာစစ်တပ်ဘက်ကို ကူညီပေးချင်တဲ့ အနေအ ထားတွေကိုလည်း ကျနော်တို့ တွေ့မြင် နေရပါတယ် ဒါကတော့ သူတို့အကျိုးစီးပွါးကို ဗဟို ပြုထားတဲ့ အချက်တွေ ဖြစ်တယ်။

***မေး။ရခိုင်ပြည်နယ်နဲ့ထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှာမကြာသေးခင်ကပဲနိုင်ငံရေးအရ အပြောင်းအလဲ တွေ အစိုးရအပြောင်းအလဲတွေ ဖြစ်သွားခဲ့တာ ကျနော်တို့တွေ့ရပါတယ်။ အဲဒီအပြောင်းအလဲတွေက ရခိုင်ပြည်နယ်အပေါ် ရခိုင်မှာ အဓိကလှုပ်ရှားနေ တဲ့အေအေ အပေါ်မှာဘယ်လိုမြင်သလဲဘယ်လိုထိ ရောက်မှုတွေရှိပါသလဲ***?

ဘင်္ဂလားဒေ့ရှ်ကလည်း ကျတော်တို့ အိမ်နီးချင်းနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ Non-state Actors တွေ နဲ့ ဆက်ဆံတဲ့ အတွေ့အကြုံ အနည်းဆုံးလို့ ပြောလို့ ရပါမယ်။ဘင်္ဂလားဒေ့ရှ်မှာ နယ်နိမိတ်ချင်းဆက်စပ် နေတဲ့ အိမ်နီးချင်းနိုင်ငံ ၂ နှစ်ခုရှိတယ်။ စာမျက်နှာ ၂၀ သို့>>>>>

## မအာအေ တိုက်ပွဲသတင်းထုတ်ပြန်ချက

နံနက် (၁၁) နာရီ (၅၀) မိနစ်တွင် စတင်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

နှစ်နာရီနီးပါးကြာအပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုအတွင်း ရန်သူ့ဘက်မှ အလောင်း(၅) လောင်း၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းတချို့ကိုသိမ်းဆည်းရမိခဲ့သည်။

ထိုအတူ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက် နေ့၊ နံနက် (၁၀) နာရီခန့်အချိန်တွင်လည်း ယမန်နေ့ တိုက်ပွဲဖြစ်ပွားခဲ့ သောနေရာအနီး ပတ်ဝန်းကျင်၌ ထပ်မံထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ရန်သူသည် အထိအခိုက်အကျအဆုံးအချို့ဖြင့် နောက်ဆုတ်သွားခဲ့သည်။ရန်သူ၏ စစ်အသုံးအဆောင်ပစ္စည်း၊ လက်နက်ခဲယမ်း၊ ခြင်းတောင်းအများ အပြားတိုကို ထပ်မံ သိမ်း ဆည်းရမိခဲ့သည်။

ငွမြို့နယ်၊ ကျောက်ပါးစပ်ရွာအနီး၊ အရှေ့တောင် ဘက် မီတာ (၁၀၀၀) ခန့်အကွာ ကျိန္တလီကားလမ်း မအနီးရှိ တောင်ကုန်းတွင်လည်း စက်တင်ဘာလ (၂၄) ရက်နေ့၊ နေ့လယ် (၁) နာရီ (၅၀) မိနစ်မှနေ့ လယ် (၃) နာရီ (၂၀)မိနစ်အထိ နှစ်နာရီ ကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

မောင်တောမြို့အားအလုံးစုံ သိမ်းပိုက်ရရှိရန်အတွက် မောင်တောမြို့အတွင်း၌ ကစဉ့်ကလျားထွက်ပြေးပြီး တိုက်တာအဆောက်အအုံ၊ လူနေအိမ်အချို့၌ အ ယောက်ကျထွက်ပြေးပုန်းခိုလွတ်မြောက်နေသေးသောဖက်ဆစ်အကမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့၊၎င်းတို့သင်တန်းပေးထားသော

## ဗိုလ်ချုပ် အင်တာဗျူးအဆက်


တဖက်က အိန္ဒိယရှိမယ်၊မြန်မာပြည်ဘက်ရှိမယ် တခြားမြန်မာအိမ်နီးချင်းနိုင်ငံတွေ နဲ့ မတူညီတဲ့အချက်တွေက မြန်မာအရှေ့ဘက်မှာဆိုရင် KNU ၊ RCSS တို့လို အင်အားကြီးပြီးတော့မှ စုဖွဲ့မှုကောင်းတဲ့ အဖွဲ့အစည်းတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေ ဆက်ဆံရေးက ဒါ ပြောရမယ်ဆိုရင် G to G ပုံမျိုးတော့မဟုတ်ဘူး သို့ သော် ဒါအထိုက်အလျှောက်လေ့စားမှုနဲ့ အသိအ မှတ်ပြုမှုတွေ ပူးပေါင်းဆောင်ရွက်မှုတွေရှိတဲ့ ဆက် ဆံမှုမျိုးအတွေ့အကြုံရှိတယ်။ဘင်္ဂလားဒေ့ရှ် နယ် စပ်ကျတော့ အင်အားမရှိတဲ့တော်လှန်ရေးလို့ နာ မည်ခံထားတဲ့ အဖွဲ့အစည်းသေးသေးလေးတွေကိုပဲသူဆက်ဆံဖူးတယ်။ပြီးတော့နယ်စပ်ကုန်သွယ်ရေး အရပြောရင် အရှေ့အခြမ်းက အိမ်နီးချင်းနိုင်ငံတွေ ရဲ့ ကုန်သွယ်ရေးလိုမဟုတ်ဘူး။သူ့ရဲ့အကျိုးစီးပွါးကအဲဒီလောက်ထိမများဘူး။တစ်နှစ်လုံးပေါင်းလိုက်မှဒေါ်လာဆယ်ဂဏန်းရာဂဏန်းပေ့ါ အရမ်းကောင်း တဲ့နှစ်တွေမှာဆိုရင်။သူက အင်္ဂလိပ်ခေတ်က စစ်တွေ ဆိပ်ကမ်းကနေ ဘင်္ဂလားဒေသကို ကုန်သွယ်ရေး အကျိုးအမြတ်တွေကို ကြည့်ပြီးမှ ဖွံ့ဖြိုးလာတဲ့ ဟာကို သူတို့က လိုချင်ခဲ့တာတွေ ရှိတယ်။သို့သော်လက်ရှိမှာ ဒီနယ်စပ်ရဲ့မတည်ငြိမ်မှုတွေ ဒုက္ခသည်ဆိုင်ရာ ကိစ္စနဲ့ လုံခြုံရေးနဲ့ ဒုက္ခသည် ကိစ္စကိုပဲ အဓိကဦးစားပေးပုံစံမျိုး ဖြစ်နေတယ်။ နောက်တစ်ခုက ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာနယ်စပ်နဲ့ ဆက်ဆံရေး ဆုံးဖြတ်ချက်တွေ ကို ဘယ်သူကချနေသလဲဆိုတာကို ကျနော်ကလေ့လာ တာပေ့ါဘာကြောင့် လဲဆိုတော့ ကိုကဆက်ဆံရ တော့မယ်ဒီအချက်အလက်တွေကို အခြေခံပြီးမှ ဘယ်သူတွေက မူဝါဒတွေကိုလုပ်နေသလဲလို့ လေ့ လာကြည့်လိုက်တဲ့ အချိန်မှာ ဘင်္ဂလားဒေ့ရှ် ရဲ့ စစ်ဘက်နဲ့နယ်စပ်လုံခြုံရေးအဖွဲ့တွေဆီက သတင်းအချက်အလက်တွေကိုပေးပြီးမှဆုံးဖြတ်ချက်ချတဲ့ အချိန်မှာ သူတို့က ပိုပြီးမှ အရေးပါတာပေ့ါ။ဒါကြောင့် မို့ ကျနော်တို့ရဲ့ထိတွေ့ဆက်ဆံတဲ့လူတွေက နိုင်ငံ ရေးသမား၊လွှတ်တော်အမတ်တခြားဌာနတွေ ကအစိုးရဝန်ထမ်းတွေ မဟုတ်ပဲ နဲ့ နယ်စပ်လုံခြုံ ရေးကိုတာဝန်ယူတဲ့ အဖွဲ့အစည်းတွေပဲ ဖြစ်လာပါတယ်။ စာမျက်နှာ ၂၁ သို့>>>>>

**မအာအော တိုက်ပွဲသတင်းထုတ်ပြန်ချက်**

မူဆလင်အကြမ်းဖက် အချို့ နှင့် ARSA၊ RSO၊ ARA အစရှိသော မူဆလင်ကြမ်းဖက်လက်နက်ကိုင်များအား လိုက်လံရှင်းလင်းလျက်ရှိသည်။

တစ်ပြိုင်နက်တည်းတွင် မောင်တောမြို့ပြင်၌ တစ်ခု တည်းကျန်ရှိနေသော ဖက်ဆစ်အကြမ်းဖက်စစ်ကောင်စီ ၏ နခခ(၅)စခန်းအား အပြီးသတ်သိမ်းပိုက်ရယူ ရေးအတွက် ထိုးစစ်များကို ဆက်လက်အရှိန်အ ဟုန်မြှင့်တင်သွားမည်ဖြစ်သည်။

ထိုအတူ အာရက္ခဒေသအတွင်းရှိ မိမိတို့ အပြီးသတ် သိမ်းပိုက်ရန် ကျန်ရှိနေသေးသော မပြီးပြတ် သေးသည့် ရန်သူ့လက်ကျန်စခန်းများ အားလုံးကိုတစ်ခု မကျန်သိမ်းပိုက်ရယူရေးအတွက် ထိုးစစ်များကိုဆက်လက်ရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။





***ဗိုလ်ချုပ် အင်တာဗျူးအဆက်***

သူတို့လည်းပဲဒါဟာ စစ်ဘက်ဆိုင်ရာအစိုးရ ဝန်ထမ်း တွေပေါ့ ဘယ်အရာကိုပဲကြည့်ကြည့် လုံခြုံ ရေးအထိုင်ကို ပဲ ကြည့်တယ်။ပြီးတော့သူတို့မျက်စိ ရှေ့မှာ ရှိနေတဲ့ ဒုက္ခသည်ဆိုင်ရာပြန်ပို့ရေးကိစ္စကို ပဲသူတို့ခေါင်းထဲမှာ ရှိတယ်။တကယ်ကတော့ ဒီအိမ်နီချင်းဆက်ဆံရေးတွေ မှာဒီထက်အများကြီး ကျယ်ပျံ့တဲ့ကုန်သွယ်ရေး တို့ တခြားဒေသဆိုင်ရာကိစ္စတွေ အများကြီး ရှိပါသေးတယ်။အဲဒါတွေကို သူကစဉ်စား ထားတာထက်ဒီအပိုင်းကိုပဲ Focus လုပ်တယ်။ သူက သူ့ဒုက္ခကိုတော့ ကျနော်နားလည်တာ ပေါ့ဒုက္ခသည်တွေ အများကြီး လက်ခံထားတယ်။အဲဒါကို ပြန်ပို့ဖို့လိုနေတယ်။ ဘယ်အခြေအနေမှာပဲစကားပြောပြောသူကဒီကိစ္စကိုပဲပြန်လာမှာဆိုတော့ဒီလောက်စစ်ဖြစ်နေတဲ့ အချိန်မှာ ဒီဒုက္ခသည်တွေကို လုံလုံခြုံခြုံနဲ့ ပြန်ပို့ချင်တယ်ဆိုတာ စေတနာအမှန်ကို ဟုတ်ပါ သလားဆိုတဲ့ကိစ္စကို ကျနော်တို့ မေးခွန်းမေး ပြီးမှ အခြေအနေတွေကို ရှင်းပြရတဲ့အခါတွေအများကြီးရှိပါတယ်။အခုလည်းဒီအတိုင်းပါပဲ ဒါပေမယ့်အခုတက်လက်တဲ့ အစိုးရကျတော့ လက်တွေ့ကျတဲ့ဖြေရှင်းမှုတွေ လုပ်မယ် ဆိုတဲ့ အသံတွေတော့ ကြားနေရတယ်။သို့သော်ဒီလို မျိုးနိုင်ငံရေးသမားတွေက Rhetoric ကို အာဘောင် အာရင်းနဲ့ ထုတ်ဖော်တာက ရှိ တယ်။ ဘယ်လိုပုံစံမျိုး နဲ့ ဘယ်လိုအခြေအနေဖြစ်အောင်ဖန်တီးပြီးလုပ်မလဲဆိုတဲ့ဟာကတော့ ကျနော်တို့စောင့်ကြည့်နေပါတယ်။ ကျနော်တို့ဖက်ကလုပ်နိုင်တဲ့ ဟာတွေကိုလည်း အကုန်လုံးအပြုသဘောဆောင် ပြီးမှ ပူး ပေါင်းဆောင်ရွက်ဖို့ ပြင်ဆင်ထားပါတယ်။ ဒါဟာ လူသားချင်းစာနာမှုဆိုင်ရာအကူအညီ တွေလည်း ဒီအတိုင်းပါပဲ။ကျနော်တို့ဖက်မှာ စစ်ရှောင်ဒုက္ခသည် IDP ခြောက်သိန်းလောက် ရှိပါတယ် မိုးရာသီအရမ်းခက်ခဲကြတယ် အခု နောက်ပိုင်းပိုများလာတယ်ဒီလူတွေကို ကူညီ ထောက်ပံ့ဖို့ကလည်း အဲဒီဘင်္ဂလား၊အိန္ဒိယ နယ်စပ်တွေကို ကျနော်တို့ပိုပြီးမှ မျှော်လင့် ထားတယ်ပေါ့ ဒီဘင်္ဂလားအစိုးရသစ်လက်ထက်မှာ ဒီကိစ္စတွေကို ကူညီမယ်ဖြေရှင်းမယ် တော့ပြောနေတယ်။သို့သော် ဘယ်ပုံဘယ် နည်းနဲ့ ဘယ်လောက်ထိအောင်

စာမျက်နှာ ၂၂ သို့>>>>

## ရသဂဇတ်




ထမင်းစားဖို့ ဟင်းအိုးကို ဖွင့်ကြည့်လိုက်တဲ့အခါ ချက်ထားတဲ့"ငဆားပီး" ငါးဟင်းကို မြင်ပြီး သံတွဲနဲ့ ပင်လယ်ကို အကြီးအကျယ် သတိရ သွားတယ်။

ထမင်းပန်းကန်ယူပြီး ထိုင်ခုံမှာထိုင်၊ ထမင်း လုတ်ကို ပါးစပ်ထဲ ထည့်မယ်ပြင်တော့ ဗုံးကြဲ ခံရလို့ သေသွား တဲ့အလောင်းတွေ အာရုံထဲ တပုံပြီး တပုံ။

ပြတင်းပေါက်ကလှမ်းမြင်ရတဲ့ကောင်းကင်ပြာ ကြီးကို ကြည့်ရင်း ထမင်းလုတ်ကို တလုတ် ပီးတလုတ် ပါးစပ်ထဲထည့်၊ မျိုချ၊ ကောင်းကင် ပြာကြီးမှာအ လောင်းတွေကတလောင်းပြီးတ လောင်း။

တလောင်းပြီးတလောင်း၊တလုတ်ပြီးတလုတ်၊ မျိုချနေတာထမင်းတွေလား၊အလောင်းတွေ လားတောင်မသဲကွဲတော့ဘူး။ အော်........

အလောင်းတွေအလောင်းတွေ၊ကလေးအလောင်းတွေ၊ အရိုးပေါ်အရေ တင်နေ တဲ့ သံတွဲ က အလောင်းတွေ။

## ဗိုလ်ချုပ် အင်တာဗျူးအဆက်

ဘယ်လောက် မြန်မြန် ဆန်ဆန် လုပ်လာမလဲ ဆိုတာကတော့ တစ်ဖက်ရဲ့ဆုံးဖြတ်ချက်အပေါ် မှာ မူတည်နေပါတယ်။

***မေး။လက်ရှိ ရခိုင်မှာရှိနေတဲ့ ဒုက္ခသည် ခြောက်သိန်းကို UN အဖွဲ့အစည်းတွေ သက် ဆိုင်ရာအဖွဲ့အစည်းတွေက ဘယ်လို အကူအ ညီတွေလာပြီးတော့ ပေးနေတာရှိပါသလဲ အေအေ နဲ့ရောဘယ်လို ဆက်သွယ်မှုတွေ ရှိနေပါသလဲ?***

ဖြေ။ဒီမေးခွန်းက တော်တော်တကယ်မေးသင့်တဲ့ မေးခွန်းဖြစ်တယ် သို့သော်ဖြေတဲ့ သူကတော့ ဖြေသင့်သလောက်ပဲ ဖြေပေးပါမယ်။ဘာဖြစ် လို့လဲဆိုတော့ UN အဖွဲ့အစည်းတွေ ရဲ့ Protocol အရပေ့ါသူကအစိုးရ နဲ့တရားဝင် လက်မှတ်ထိုးထား တယ်ဒီနိုင်ငံကိုဝင်မယ်ဆိုရင်ဒီနိုင်ငံရဲ့ ဥပဒေကို လေ့စားပြီးမှ ဒါတိကျလိုက်နာ ရမယ်ဆိုတဲ့ Protocolတွေ ရှိပါတယ်။ ဒီအ ကန့်အသတ်တွေကြောင့်ဒီ UN အဖွဲ့အစည်း နဲ့ တစ်ခြား INGO တွေမှာခရီးသွားဖို့အတွက် ပါမစ်တွေလျှောက် ရတယ် ပြီးမှ တစ်ခုခုကို ပို့မယ်ဆိုရင်သူတို့မျက်စိ အောက်ကနေ တရားဝင်လုပ်ဆောင်ရတယ် ဒီလိုမျိုး Formality လုပ်ဆောင် ချက်တွေက တကယ့်မြေပြင် မှာလိုအပ်နေတဲ့ အခြေအနေတွေ နဲ့ လုံးဝကိုက်ညီ မှုမရှိပါဘူး။သူတို့ကတော့ တော်လှန်ရေး နဲ့ပဋိပက္ခ တွေကို အကြောင်းပြပြီးတော့မှ လူထု တစ်ခုလုံးကို သိမ်းကျုံးပြီးပြစ်ဒဏ်ပေးတဲ့ ပုံစံမျိုးကို လုပ်နေတာ ဖြစ်တယ်။ မြန်မာပြည်တစ်ပြည်လုံးကိုလည်းပိတ်ဆို့ ပြီးမှ ဒါအညာဒေသ တွေ နဲ့နောက်ကချင်ဒေသတွေပါ အများကြီးပေ့ါ ဒါမျိုး ပိတ်ဆို့ ထား တာတွေက ရှိတယ် သို့သော် သူတို့မှာကတော့နယ်စပ် ကနေအထိုက်အလျှောက်ရနေကြတယ်ရခိုင်မှာကရေကြောင်း ရော အကုန်လုံးကို ပိတ်လိုက်တဲ့ အချိန်မှာ တော်တော် လည်း ကို ခက်ခဲကြပါတယ်။နဂိုတည်းကလည်း ဆင်းရဲပြီး စီးပွါးရေး နိမ့်ပါးတဲ့ ဒေသတွေ ဖြစ်တယ် ။ဒီထဲမှာ UN အဖွဲ့အစည်း တွေက ကျနော်တို့လည်း သူတို့ကို Reached out လုပ်တာပေ့ါ >>>>>>> စာအဆက် ၂၃....

## ရသဇာတ်လမ်းအဆက်

မျက်လုံးတွေပူ၊ မျက်ရည်တွေကျလာမှ လူက သတိ ပြန်ကပ်တယ်။ ထမင်းမျိုခြင်း အလုပ်ကို ရပ်လိုက်တယ်။

ထပ်မမျိုဖို့ တွေးမိတယ်၊ စိတ်အဆင်မပြေ တိုင်းသာ ထမင်းမစားဘဲနေရင် ငါတို့ အားလုံး ထမင်းငတ်ရုံ သာရှိမယ်။

မျက်ရည်သုတ်ပြီး ထမင်းထပ်မျို၊ ထပ်မျို အော်… ဒီလောက်ဖြစ်နေတာတောင် ထမင်း မျိုနိုင်တဲ့မင်း…မျိုနိုင်လိုက်တာ၊လုပ်ရက်လိုက် တာ…တကယ်ငါတို့ တွေ နေသားကျနေတာ။

ဒီလိုအဖြစ်တွေနဲ့ နေသားကျနေတာ ၃ နှစ် ကျော်ခဲ့ပြီ။ YKKO မှာ စားရတဲ့အခါ ထောင် ထဲက သူ ငယ်ချင်းကို သတိရတယ်၊ ပျော်ပါး သီဆိုရတဲ့အခါ စစ်ရှောင်တွေကို သတိရ တယ် ၊ အကျဉ်းကျနေတဲ့ အန်တီကို သတိရ တယ်၊ ကိုယ့်ကလေးတွေ ပျော်နေ တာ မြင် ရင် သေသွားတဲ့ကလေးအလောင်းတွေ မြင် ယောင်မိတယ်။

ဘဝက အဲဒီလိုပဲ၊ ပျော်ရွှင်မှုတွေက 'စစ်' မနေ ဘူး။**"သေသူမှာ အသက်ရှုရပ်၍၊ ရှင်သူမှာ အသက်ရှူ ကြပ်လျက်"** ဆိုတာ ဒါမျို;နေဖို့။ မဟု တ်ဘူး၊ မဟုတ်သေးဘူး၊ အခုက ရှင်သူ တွေမှာ အသက်ရှူကြပ်လျက်၊ ဘဝတွေပျက် နေတာ၊ သေနေရတာ၊ အနာဂတ်တွေပျောက် နေရတာ၊ မျှော်လင့်ချက်တွေ မဲ့နေရ တာ။

## *ဗိုလ်ချုပ် အင်တာဗျူးအဆက်*

စကားတွေ ပြောတဲ့ အချိန်မှာ နေပြည်တော်၊ရန်ကုန်တွေမှာ ရုံးဖွင့်ထားတဲ့ အဖွဲ့အစည်းတွေက သူ့ရဲ့သဘောတူ ညီချက်တွေကို ကျော်ပြီးမှ မလုပ်ရဲ မကိုင်ရဲဖြစ်နေ တာပေါ့ ဒါကြောင့် ကျနော်တို့ကလည်း သူတို့တွေ ကို အာကြေပေးတာတွေ ရှိပါတယ်။မင်းတို့ရဲ့ဒီ Formal Rules တွေပေါ့ အဲဒါတွေကို လိုက်နေမယ် ဆိုရင် တကယ်မြေပြင်မှာ ဖြစ်နေတဲ့ဟာတွေက အကုန်လုံး Formal တွေမဟုတ်ဘူး အခြေအနေအ ဆင်ပြေရင်ပြေသလို နည်းလမ်းတွေရှာပြီးမှလက်တွေ့ကျတဲ့ထိရောက်တဲ့ အကူအညီကို ပေးဖို့အ တွက် စဉ်းစားသင့်တယ် ဒါမှလည်း တကယ်လက် တွေ့ကျတဲ့ ထိရောက်တဲ့ အကူအညီတွေ ဖြစ်လာ လိမ့်မယ် ကျနော်တို့ဖက်ကတော့ဒီ လူမျိုးမခွဲ၊ ဘာသာမခွဲပဲ နဲ့ မျှတတဲ့ ကူညီဖြန့်ဖြူးမှုတွေ လုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိတယ်ဆိုတဲ့ ဆိုတာ တွေကိုလည်းပြောပြတယ် ။ပြီးမှ ရခိုင်ဖက်မှာ လူမျိုး ရေးဘာသာရေး ပဋိပက္ခတွေက အများကြီးရှိတာကို အဲဒီထဲမှာလည်းပဲ ဝါဒဖြန့်နေတဲ့ဟာတွေ ကတော့ အများကြီးပေါ့ သို့သော်လည်း ကျနော်တို့ထိန်းချုပ် တဲ့နယ်မြေတွေမှာ ဒီလူမျိုးရေးဘာသာရေး ပဋိပက္ခ တွေ ဘာမှမရှိပဲနဲ့ မြန်မာစစ်တပ်ရှိတဲ့နေရာမှာ ဒီပဋိပက္ခတွေ မီးတောက်နေ တယ်ဆိုတာကိုထောင် ပြပြီးမှ ကျနော်တို့ဟာ နှစ်နဲ့ချီပြီးတော့မှ အလုပ်နဲ့ သက်သေ ပြခဲ့ပြီနောက်ဒီဒေသတွေကိုလည်း ကျနော်တို့ထိန်းချုပ်လာတာနဲ့ အမျှပိုပြီးမှ တည်ငြိမ် အောင်ကြိုးစားပြီး မျှတတဲ့ အကူအညီတွေကို ပူး ပေါင်းဆောင်ရွက်သွားဖို့ ဖြစ်တယ်ဆိုတဲ့ ဟာတွေက တော့ ကျနော်တို့ အမြဲတမ်းပြောနေပါတယ်။

***မှတ်ချက် ။ အဆိုပါ အင်တာဗျူးသည် ရောဝတီ သတင်းဌာန နှင့် ဗိုလ်ချုပ်ထွန်းမြတ်နိုင် ၏ သီးခြား အင်တာဗျူး မှ ကူးယူဖော်ပြသည်။***

## ရသကဏ္ဍအဆက်

သံတွဲသားတယောက်က "ရသစာပေထဲ အကျိုး မဝင်တဲ့ သတင်းတွေကိုဖတ်ပြီးမျက်ရည် ရလိမ့်မယ်လို့ ဘယ်တုန်းအခါကမှ မထင်ထားခဲ့ဘူး" တဲ့။အေးကွာ ငါကတော့ "ငှေးပီး" ငါးဟင်းကို ကြည့် မိလို့ မျက်ရည်တွေကျလိုက်ရတာ။ဘဝတွေက မျက်ရည်ကျဖို့ အနပညာ ဆန်စ ရာ မလိုတော့ပါဘူး။ ဘဝတွေက အနုပညာ လည်း မဆန် နိုင်တော့ဘူး။

သံတွဲကို ခွဲပြီး တနယ်တကျေး ရောက်နေတဲ့ကိုယ့်လိုစစ်ရှောင်တွေလည်း ခုလို သတိရခြင်း ပေါင်းများစွာနဲ့ ကိုယ်စီအမှတ်တရတွေနဲ့ မျက် ရည် တွေ ကျနေရမယ်ဆိုတာ....

*မင်းသစ် ဒွါရာဝတီ*

**စာမျက်နှာ ၁၀ မှ သတင်း အဆက်**

ဆီပုံးကိုက သံပုံးထဲမှာ ရေနံဆီအနည်း ငယ် ထည့် မီးစာအဖြစ် အဝတ်စကို ထည့်ပြီး မီး ထွန်းရတာပေါ့"လို့ ပြောပါတယ်။

လျှပ်စစ်မီးတွေမရတဲ့အခါပြည်မထွက်မီးတိုင်တွေကိုအသုံးပြုနေကြပေမယ့်ဈေးအဆမတန်ကြီးနေတာကြောင့် မီးတိုင်ဈေးတွေဈေးကြီးတဲ့အတွက်ဆီပုံးခွံတွေနဲ့အသုံးပြုနေကြရပါတယ်။ရခိုင်ပြည်နယ်အတွင်းမှာတိုက်ပွဲတွေကြောင့်ကုန်သွယ်စီးဆင်းမှုမှာပိတ်ဆို့လာနေပြီး ၊ကုန်ဈေးနှုန်းတွေအဆမတန်ကြီးမားနေသလို ပြည်သူတွေမှာလည်း စီးပွားရေးတွေ ပိတ်ဆို့ နေတဲ့အတွက် အခုလို အခက်အခဲ ဖြစ်ပေါ် နေကြတာလည်း ဖြစ်ပါတယ်။

## သတင်းဆောင်းပါး

# ထမင်းတလုပ်၊ရေတာမှုတ် ဂွမ်းထုပ်တစ်ခု အလိုရှိသည်




အိမ်ကနေ ထွက်လာခဲ့ကြတာ ကြာပြီ။ ၂၀၁၉ ကနေ အခုထိဆိုရင် ၆ နှစ်ရှိပြီ။ လာတုန်းက ဘာမှပါမလာကြသလို ဘယ်ဆီကိုမှန်းမသိတဲ့ ဦးတည်ချက်တွေနဲ့ အသက်လုပြေးခဲ့ကြရသူတွေ။ စစ်ဆိုတာရုပ်ရှင်တွေထဲက စစ်ကားတွေသာ ကြည့်ကောင်းတာလေ။ အပြင်မှာ ခံရတဲ့ဒုက္ခတွေဟာ ဘယ်ကြည့်ကောင်းပါမလဲ။ အကြောက်တရားနဲ့ဆာလောင်မှုတွေ၊စိုးရိမ်စိတ်နဲ့ ငတ်မွတ်မှုတွေဟာ စစ်ကြောင့်ဖြစ်လာခဲ့ရတယ်။

ရုပ်ရှင်ကားတစ်ခုရဲ့ နာမည်ကို စစ်ကိုမုန်းလို့ တိုက်ခဲ့ သည်လို့ ပေးကြတယ်။ စစ်ကိုမုန်းရင် တိုက်စရာ မလို ဘူး။ ဗုဒ္ဓဘာသာ တိုင်းပြည်၊ ထေရဝါဒ တိုင်းပြည်လေ။ ဘုရားတည်၊ ကျောင်းဆောက်၊ဆင် ဖြူရာပြီးတော့ စကြာဝဠေးမင်း အထာနဲ့လူ သတ်လိုက်ကြတာလဲ သူတို့ပဲ။ ဗုဒ္ဓဘာသာမင်း ကောင်း မင်းမြတ်ဆိုရင် စစ်ကိုမုန်းရင် မတိုက် တော့ဘူး။

# FACTCHECK




**အေအေ အဖွဲ့မှနေ သံတွဲမြို့မှ ဆိုင်ခန်းများကို ဖောက်ထွင်းယူပြီး မင်းပြားရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပေးနေဆိုသော သတင်းများ**

Akyab post

ရခိုင်ပြည်နယ်၊ သံတွဲမြို့မှ ကုန်စုံဆိုင်၊ ဂိုဒေါင်တွေက ကုန်ပစ္စည်းတွေကို အာရက္ခတပ်တော် အေအေကနေ ဖောက်ထွင်းယူနေကြပြီးတော့ စက်လှေတွေနဲ့ သယ်ပြီး မင်းပြားမြို့နယ်က ရေဘေးသင့် ပြည်သူတွေကို ပြန်လည် ထောက်ပံ့လျက်ရှိတယ်ဆိုတဲ့ ပို့စ်တွေဟာ စစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ စက်တင်ဘာလ ၂၁ ရက်ကနေစလို့ ဓာတ်ပုံနှင့်တကွ ပျံ့နှံ့လျက်ရှိပါတယ်။

ရခိုင်ဒေသတွင်း အကြောင်းအရာတွေနဲ့ ပတ်သက်ပြီးတော့ သတင်းတုသတင်းမှားတွေကို ဆက်တိုက်ဖြန့်လေ့ရှိတဲ့ May Yu Htar Nay ရဲ့

**သတင်းဆောင်းပါး**

ကြည့်ပါလား အသောက က ကလိမ်ကကိုတိုက်ပြီး တဲ့နောက်ပိုင်း စစ်ကိုမုန်းသွားတယ်၊ စစ်ကြောင့် ဖြစ်လာရတဲ့အကျိုးဆက်တွေကို ကြောက်ရွံ့ သံဝေဂတွေရသွားတယ်။ နောက်တော့ ငြိမ်းချမ်းရေး သမား ကြီးအဖြစ်နဲ့ ကမ္ဘာ့သမိုင်းမှာ ထင်ရှားတဲ့ ဗုဒ္ဓဘာသာ၊သာသနာပြုတဲ့ ဘုရင်ကြီးတစ်ပါး ဖြစ်လာခဲ့တယ်။
စစ်ကိုမုန်းလို့ စစ်ကိုစစ် နဲ့ ပြန်တိုက်တယ်ဆိုတာ တော်ရုံတန်ရုံ တုံးတဲ့ လူပိန်းမဟုတ်ပါဘူး။ ငယ်ငယ် ကသင်ခဲ့ ဖူးတဲ့အင်းဝ၊ ဟံသာဝတီ အနှစ် ၄၀ စစ်ပွဲ ကိုများ အားကျလေသလား မသိတော့ပါဘူး။
အခုဆိုတိုင်းရင်းသားနဲ့ စစ်တပ် အနှစ် ၈၀ စစ်ပွဲကြီး ဖြစ်တော့မယ်။ ဒါကို ကလေးတွေကိုများ သမိုင်းလို့ သင်စေချင်ရောသလား မပြောတတ်တော့ပါဘူး။ တစ်တိုင်းပြည်လုံး ကို စစ်မြေပြင်အဖြစ် ပြောင်းလဲ လိုက်တာ နည်းတဲ့ အပြောင်းအလဲကြီး မဟုတ်ဘူး။
မကြာသေးခင် ရက်ပိုင်းက ခင်မင်ရတဲ့ အစ်ကို တစ်ယောက်က သံတွဲစစ်ရှောင် အမျိုးသမီးတွေ အတွက် အမျိုး သမီး လစဉ်သုံး ပစ္စည်း တွေ၊ အတွင်းခံတွေကို အလှူခံတာတွေ့တယ်။ သူ့ Post မှာ အမျိုးသမီးလစဉ်သုံး ပစ္စည်း တစ်ထုတ်ကို ကိုင်ပြီးတော့ ပုံတင်ကာ သူကိုယ် တိုင် အလှူခံထားတယ်။

ခါတိုင်းဆို ဒီလိုPostတွေကို အမျိုးသမီးတွေ ကသာလုပ်ကြလိမ့်မယ်။ ဒါပေမယ့် အခုတော့ အမျိုးသားတွေကပါ အမျိုးသမီးတွေရဲ့ ဥတုမေ့ တာ ကိစ္စတွေက အစ အလှူခံလာရတယ်။ သူတင်တဲ့ပိုစ့် ကိုကြည့်ပြီးတော့ စိတ်ထဲမှာ တစ်ခုခုကို ကျွန်တော်ခံစား မိလိုက်တယ်။ ဒီ လို အကြပ်အတည်း၊ ဒီလို ဒုက္ခတွေ ကြုံနေ ရတဲ့အချိန်မှာ ကျား၊ မ ခွဲခြားနေဖို့ထက်ကိုယ် တတ်နိုင်တဲ့ဖက်က ဝင်ရောက်အကူ ညီပေးတာဟာ အကောင်းဆုံးနဲ့ အမွန်မြတ်ဆုံးဖြစ် တယ် ဆိုတာပါပဲ။

## FACTCHECK

တယ်လီဂရန်ချန်နယ်ကနေ စက်တင်ဘာလ ၂၁ ရက်နေ့မှာ " သံတွဲမြို့မှ တိုက်ပွဲရှောင်တွေရဲ့ ကုန်စုံဆိုင်၊ ဂိုဒေါင်တွေကနေ ဆန်နှင့်ကုန်ခြောက်တွေကို အေအေတပ်ဖွဲ့ဝင်တွေ အတင်းအားဓမ္မ ယူဆောင်သွားပြီး မင်းပြားမြို့နယ်ရှိ ရေဘေးသင့် ပြည်သူတွေကို သွားရောက်ထောက်ပံ့လျက်ရှိတယ်" လို့ ရေးသားဖော်ပြထားပါတယ်။

May Yu Htar Nay တယ်လီဂရန်ချ န်နယ်ကနေတင်ထားတဲ့ ပို့စ်ကို စစ်ကောင်စီဝါဒဖြန့် အခြားတယ်လီဂရန်ချန်နယ်တွေဖြစ်တဲ့ Min Chit Ooမှာလည်း ထပ်ဆင့်ပြီး ဖြန့်ဝေ ခဲ့ပြီးတော့ ဒီပို့စ်ကို ဖတ်ရှုသူ ၄၃၀၀၀ ကျော် အထိရှိပါတယ်။

စစ်ဆေးတွေ့ရှိချက်

စစ်ကောင်စီဝါဒဖြန့် မီဒီယာတွေမှာ ပျံ့နှံ့လျက်ရှိ တဲ့ ပို့စ်နဲ့ ပတ်သက်ပြီးတော့ Akyab Post ရဲ့ Fact Check Team ဖက်ကနေ Google Reverse Image Search Tools၊ Google Advenced Tools တွေသုံးပြီးတော့ စစ်ဆေးခဲ့ပါတယ်။

Google Reverse Image Search Tools နဲ့စစ်ဆေးကြည့်လိုက်တဲ့အခါ စစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ သုံးထားတဲ့ ဓာတ်ပုံတွေဟာ ရခိုင်ဒေသအခြေစိုက် Arakan Bay News ကနေ စက်တင်ဘာလ ၂၁ ရက်နေ့မှာ တင်ထားတဲ့

## သတင်းဆောင်းပါး

သမီးလေး ဥတုဓမ္မတာ စပေါ်တော့ သူကခပ် နွမ်းနွမ်းရယ်၊ နေထိုင်မကောင်းဘူး၊ သူ့အမေ ကအရိပ်ကျတော့ သမီးကို သင်ပေးတယ်၊ အတွင်းခံဘောင်းဘီဝတ်ဖို့ လစဉ်သုံးပစ္စည်းတွေ ဘယ်လို ဘယ်ပုံသုံးဖို့၊ ဘယ်လို ဘယ်ပုံ စွန့် ပစ်ဖို့၊ ဒါဟာ အမျိုးသမီးတိုင်း ဖြစ်တတ်တဲ့ အရာဖြစ်သလို စိုးရိမ်မနေဖို့နဲ့ အာဟာရမျှတ အောင်စားသောက်ဖို့၊ အနားယူဖို့ကအစသင်ပေးရှာတယ်။

ပုံမှန်အချိန်တွေ မှာ တော့ဒီအရာတွေက သိပ်အရေးမကြီးပေမယ့် အခုလို စစ်ပွဲတွေ ပြင်းထန်ပြီးအ သက်လု ပြေးနေကြရတဲ့အ ချိန် မှာ ဒီကိစ္စတွေဟာ အရေးကြီးလာတယ်။ ဘာဆိုဘာမှ ယူစရာ၊ သယ်စရာမရခဲ့ဘဲ ထွက် ပြေး လာကြ သူတွေ ၊ကယ်ဆယ်ရေးစခန်းတွေ ပေါ်မှာ နစ်များစွာနေ ထိုင်နေကြ သူတွေ အတွ က် အတွင်းခံတစ်ထည်၊ လစဉ်သုံး ပစ္စည်းတစ်ခုဟာ အရေးကြီးဆုံးကိစ္စဖြစ်လာတယ်။

ထမင်းကို ဖြစ်သလို စားနိုင်ကြပါတယ်၊ အခင်း အကျင်း မကောင်းပါစေ ဖြစ်သလို မိသားစု စုဖွဲ့ပြီးအိပ်နိုင်ပါတယ်၊ ဒါပေမယ့် အရှက်တ ရားကိုတော့ အသက်ထက် တန်ဖိုးထားတဲ့ အမျိုးသမီးတွေလေ။

အိန္ဒိယရုပ်ရှင်ကား တစ်ကား မှာ ဒီအကြောင်း လေးရိုက်ထားတာ နစ်သက်မိတယ်။ အိန္ဒိယ လူ့အဖွဲ့စည်းရဲ့ အမျိုးသမီး တွေရဲ့ ဥတုဓမ္မတာ ကိစ္စအပေါ်ထားတဲ့သဘောတရားတွေကိုကွင်းကွက်စွာ ပြထားပါတယ်။

ဥတုဓမ္မတာ လာရင် အိမ်အပြင်မှာ ထွက် အိပ်ရ တာတွေ က၊ နောက်ဆုံးတော့ အမျိုးသမီးသုံး ပစ္စည်းကို တီထွင်ပြီးလူ့အဖွဲ့အစည်းတစ်ခုလုံး ကိုအတိုက်ခံ လုပ်ကာအောင် မြင်ခဲ့ပုံတွေ အ မျိုးသားတွေကရော၊အမျိုးသမီးတွေကပါ

## FACTCHECK

## သတင်းဆောင်းပါး

"မင်းပြားမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူတွေကို အေအေဖက်ကနေ သွားရောက်လှူဒါန်း" ဆိုတဲ့ သတင်းမှာ သုံးထားတဲ့ ဓာတ်ပုံတွေဖြစ်နေတာကို တွေ့ရပါတယ်။

စစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ ပျံ့နှံ့လျက်ရှိ တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီးလည်း Google မှာ မင်းပြားရေကြီးဆိုတဲ့ Keywords နဲ့ ရှာလိုက်တဲ့အခါမှာဒေသတွင်းသတင်းမီဒီယာဖြစ်တဲ့ Narinjara News မှာလည်း အေအေဖက်ကနေ မင်းပြား မြို့နယ်မှ ရေဘေးသင့် ပြည်သူတွေကို သွားရောက်လှူဒါန်းထားတာတွေကိုတွေ့ရပါတယ်။

ဒေသတွင်းသတင်းမီဒီယာတွေမှာ အေအေဖက်ကနေ ရေဘေးသင့် မင်းပြားမြို့နယ်မှ ရေဘေးသင့် ပြည်သူတွေကို သွားရောက်ထောက်ပံ့ပေးတာကို တွေ့ရပေမဲ့ သံတွဲမြို့နယ်မှ ဆိုင်ခန်းတွေ၊ ဂိုဒေါင်တွေကနေ ဖောက်ထွင်းပြီး ဆန်၊ ကုန်ခြောက်ပစ္စည်းတွေကို မင်းပြားမြို့နယ်ကို သယ်သွားတဲ့ ဆိုတဲ့ ရေးသားဖော်ပြချက်ကို မတွေ့ရပါဘူး။

သံတွဲမြို့နဲ့ မင်းပြားမြို့တွေကို ရေကြောင်းကနေပစ္စည်းတွေအများအပြားသယ်ယူဖို့ဆိုတာကလည်းခရီးမီတာဝေးကွာလွန်းတဲ့အပြင် စစ်ကောင်စီထိန်းချုပ်ရာမြို့တွေကိုပါ ဖြတ်သန်းရမှာဖြစ်လို့ ပစ္စည်းသယ်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ခြေမရှိနိုင်ပါဘူး။

သူ့ကို လေးစားဂုဏ်ပြုကြတာတွေ ကိုကြည့်ရတော့ တကယ်လဲ ရုပ်ရှင်ထဲကဇာတ်လိုက်ကို လေးစားဂုဏ် ယူမိပါတယ်။

ကျွန်တော်တို့ အသိုင်းအဝိုင်းမှ ပြည်သူပဲရှိတာ၊အမျိုးသား၊ အမျိုးသမီး ခွဲခြားပြီး ဘောင်ခတ် သတ်မှတ် ထား လို့ရတဲ့ အချိန်မဟုတ်ဘူးဆိုတာကို သူ့ Post ကနေ သတိထားမိလိုက်တယ်။

တော်လှန်းရေး အစကနေ အဆုံး အထိ အကူညီပေး နေသူတွေဟာ ပြည်သူတွေသာဖြစ်တယ်။ပြည်သူ မရှိရင် တော်လှန်ရေးဆိုတာလည်း မရှိဘူး။ ဒီတော့ ပြည်သူတွေရဲ့ အခက်အခဲကိုပြည်သူတွေဖြေရှင်း ပေးကြတာ ရိုးရှင်းလွန်းလှပါတယ်။ ဒီအချိန်မှာ အကူညီ လိုအပ်နေသူတွေကိုအကူညီပေးနိုင်တဲ့ သူတွေနဲ့ဆက်သွယ်ဆောင်ရွက်ပေးတာဟာပရဟိတသမားပါပဲ။
လူမှုဝန် ထမ်းသမားပဲ။

ပရဟိတ၊ လူမှုဝန်ထမ်းဆိုတာ အဖွဲ့အစည်းနဲ့ လုပ်မှ၊ ငွေကြေးနဲ့လုပ်မှမဟုတ်ပါဘူး။ဘာကြောင့်မဟုတ်ဘူးလို့ဆိုရသလဲဆိုရင် သံတွဲကနေ ဒေသခံတွေ အကုန် ရွှေ့ပြောင်းကြတော့ အခမဲ့ တည်းခိုကြဖို့ လိုင်းပေါ် တင်ပြီး ဖိတ်ခေါ် ကြတာတွေ၊ အခမဲ့ လိုက်ပို့ပေးဖို့ ဖိတ်ခေါ်ကြသူတွေ စတဲ့လူမှု ဝန်ထမ်းသမားတွေရဲ့ ရိုးသားတဲ့ စိတ်ကိုတွေ့ ရတယ်။ ဒီစိတ်ဟာ ရက္ခိတစိတ်ဓာတ်ပဲ။

ထမင်းတနပ်၊ ရေတစ်မှုတ် ကအစ ဒီအချိန်မှာ အကူ ညီပေးသင့်တာဟာအင်မတန်မှတန်ဖိုးကြီးလှပါတယ်။ ဒါဟာသံတွဲ ရယ်လို့ မဟုတ်ပါဘူး။ ရခိုင်တစ် ပြည်လုံး မှာ ဒီလို လူမှုဝန် ထမ်းစိတ်၊ ပရဟိတစိတ်နဲ့ လူသား တွေများစွာရှိနေတယ်။ ၂၀၂၂ ခုနှစ်က ရွာထဲစစ်သား တွေဝင်လို့ ထွက်ပြေးကြတော့ အနီးအနားက ရွာတစ်ခုကိုရောက်သွားတယ်။ အဲဒီမှာ ကျွန်တော်တို့ ယောကျ်ား ၆ ယောက်ပါတယ်။

## FACTCHECK

## သတင်းဆောင်းပါး

ဒ့ါအပြင် သံတွဲမြို့မှ ဒေသခံတွေကိုလည်း အေအေဖက်ကနေ ဆိုင်ခန်းဖောက်ထွင်းမှု ရှိရဲ့လားလို့ မေးမြန်းကြည့်တဲ့အခါမှာလည်း " သူခိုးတွေကနေ ဖောက်တာပါ။ ကျွန်တော်တို့ အိမ်လည်း သူခိုးတွေကဖောက်သွားတယ်။ ဖောက်တဲ့ သူခိုးတွေကိုလည်း ဖမ်းမိထားကြပါပြီ။ အေအေဖက်ကနေ ဖောက်တာမဟုတ်ပါဘူး" လို့ ဒေသခံတစ်ဦးက Akyab Post ကို အတည်ပြုပေးပါတယ်။

စစ်ကောင်စီဝါဒဖြန့် မီဒီယာတွေမှာ ပျံ့နေတဲ့ ပို့စ်တွေနဲ့ ပတ်သက်ပြီး တိကျသေချာတဲ့ ဖြစ်စဉ်ကို အသေးစိတ်သိရဖို့ အေအေရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခကို Akyab Post ဖက်ကနေ ဆက်သွယ်လိုက်တဲ့အခါ "သံတွဲက ပစ္စည်းတွေကိုဖောက်ယူပြီးတော့ မင်းပြားမှာရေဘေးကယ်ဆယ်ရေးပေးနေတယ်ဆို တာလုံးဝမဟုတ်ပါဘူး။သတင်းမှားတွေ၊ လုပ်ကြံဝါဒဖြန့်မှုတွေသာဖြစ်ပါတယ်။
စစ်ပွဲကာလတွင်းမှာ တစ်ချို့မြို့တွေမှာတော့ ဖောက်ထွင်းခိုးယူ ခံရမှုတစ်ချို့ ရှိခဲ့ပါတယ်။ ဒီမှုခင်းတွေအတွက်လည်း ပြစ်မှု ကျူးလွန်တဲ့ သူတွေနဲ့ မှုခင်းမှာ ဆက်နွယ်နေသူတွေကို ဖမ်းဆီးစစ်ဆေးထားပါတယ်။" လို့ သူက ပြောပါတယ်။

▪သုံးသပ်ချက်- ရရှိထားတဲ့ သတင်းအချက်အလက်တွေ၊ ဒေသခံတွေရဲ့ အတည်ပြု ချက်တွေနဲ့မီဒီယာတွေရဲ့ရေးသားဖော်ပြချက်တွေ အရ စစ်ကောင်စီဝါဒဖြန့်မီဒီယာတွေမှာ ပျံ့နှံ့နေတဲ့ သတင်းဟာ တစ်ဝက်မှန် တစ်ဝက်မှား

အိပ်ကလေးကသေးသေးလေးရယ်။ ဒါပေမယ့်တကယ်ညွှ့ သည်လည်လာသလိုချက်ပြုတ်ကျွေးမွေးကြတာအမှတ်ရမိတယ်။ရခိုင်ကပရဟိတသမားတစ်ယောက်ဖြစ်တဲ့ဝေဟင်အောင် တင်တဲ့ပို့စ်တွေကို ကြည့်ရင် အလှူ ရှင်တွေဟာ မိမိတို့တတ်နိုင်တဲ့ဖက် ကလှူဒါန်းနေကြတာကို သိသာတယ်။သောင်းဂဏန်း ကအစမိမိတို့ရဲ့ တတ်နိုင်သလောက်လှူဒါန်း နေကြ တာတွေကို နေ့စဉ်တွေ့ရတယ်။

ပြည်သူတွေရဲ့ ဒုက္ခကိုပြည်သူတွေရဲ့ ချွဲနဲ့စာလေးနဲ့ လှူဒါန်းမှုတွေဟာ အင်မတန်မှ မွန်မြတ်လှတဲ့အလှူ တွေဖြစ်ပါ တယ်။ အမျိုးသမီးဆိုတာ အသက်ထက် အရှက်တရား၊ကိုယ်ကျင့်သိက္ခာကိုတန်ဖိုးထားတဲ့အမျိုးသမီးတွေ အခုတော့ အသက်ကိုဖက်ကလေး နဲ့ထုတ် လွတ်ရာခရီးကြမ်းကို အဝတ်တထည်ကိုယ် တစ်လုံးနဲ့ ခရီးဆက်လာ လိုက်ကြတာ သူ့တို့ရဲ့ မျက်ဝန်းတွေ မှာ မျက်ရည်တွေဥလို့။ အမျိုးသမီးတွေဆို တာကျွန်တော်တို့ပြည် ရဲ့ မိခင်တွေ၊ကျွန်တော်တို့ အစ်မတွေ၊နမတွေ၊ သမီးတွေဖြစ်တယ်။သူတို့ရဲ့ခက်ခဲမှုတွေကိုကူညီနိုင်ဖို့စစ်တလင်းမှာထမင်းတလုပ်၊ရေတမှုတ်၊ ဂွမ်းထုတ်တစ်ခု အလိုရှိနေပါတယ်။

တဲ့သတင်းဖြစ်နေတာကိုတွေ့ရပါတယ်။ရခိုင်ပြည်နယ်မှာစက်တင်ဘာလအတွင်း မိုးအဆမတန်ရွာ သွန်းမှု တွေကြောင့် ရေကြီး ရေလျှံမှုဖြစ်ခဲ့တာတွေကိုအခွင့်ကောင်းယူပြီးတော့ စစ်ကောင် စီဝါဒဖြန့်မီဒီယာတွေကနေ တမင်တ ကာရည်ရွယ်ချက်ရှိရှိနဲ့ သတင်းတု သတင်းမှားတွေနဲ့ အမုန်း စကားတွေကို ဖြန့်ခဲ့ကြတာပါ။

ရခိုင်ဒေသတွင်းမှာ စစ်ရေးရေးနိမ့်မှုတွေကို ကြုံတွေနေတဲ့ စစ် ကောင်စီဟာ လက်ရှိမှာ ဆိုရှယ်မီဒီယာတွေပေါ်ကနေ လူမျိုးရေး၊ ဘာသာရေးနဲ့ အဓိကရုဏ်းတွေဖြစ်စေတဲ့ အမုန်းစကား တွေကို ပိုဖြန့်လာတာကို တွေ့ရပါတယ်။ ပြည်သူ တွေအနေ နဲ့လည်း ဆိုရှယ်မီဒီယာပေါ်မှာ ပျံ့လျက်ရှိတဲ့ အကြောင်း အရာ တိုင်းကို မယုံဖို့နဲ့ ချင့်ချိန်စဉ်းစားပြီးမှ သတင်းတွေကို ဖတ်ရှုကြဖို့ တိုက်တွန်းပါ တယ်။